# မဟာကဿပဂိုဏ်း*

သန်းထွန်း ရေးသည်

**သျှင်မဟာကဿပ**နှင့် မဟာကဿပဂိုဏ်း၏အကြောင်းကိုမပြောမီ ဤစာတမ်း ရည်ရွယ်ချက်နှင့် ကာလ အပိုင်းအခြားကို၎င်း၊ ဤစာတမ်း ဖြစ်မြောက်ရေး အတွက် ကူညီသူတို့အား ကျေးဇူးတင်ကြောင်းကို၎င်း ပြောလိုပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်ကား အောက်ပါ အတိုင်း ဖြစ်ပါသည်။

> **တစီးရှင် သီဟသူ လက်ထက်၌ ပင်းယမြို့တွင် သီလဝန် ဂုဏဝန် လဇ္ဇီ ပေသလ ရဟန်းသံဃာ များစွာမရှိ၊ ပုဂံ အရည်းတို့က ကြွင်းကျန်သော ရှင်ယောင် အရည်းတို့သာ များပြားစွာသတည်း[၁]။**

ဟူသော အရေးအသားတွင် ပုဂံခေတ်ဦးက အရည်းကိုနှိမ်နင်း၍ ကြွင်းသမျှတို့သည် ပုဂံပျက်သည့်အခါတွင်မှ တဖန် အထင်အရှား နေပြန်သည် ဟူသော သဘောကို ဆောင်သောကြောင့် ထိုအရေး အသားမျိုးကို ကန့်ကွက်လိုပါသည်။ ယခုအခါ ရှာဖွေ တွေ့ရှိထားသော အထောက်အထားများအရ အရည်းဆိုသူတို့ ပုဂံခေတ်ဦး၌ မရှိချေ။ ပုဂံ ခေတ်နှောင်း၌သာ ၎င်းတို့ ပေါ်ပေါက်လာ၍ ပုဂံပျက်သည့် နောက်ကာလ အတန်ကြာအောင်ပင် တိုးတက် ကြီးပွါး၍ နေကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ အရည်းခေတ်၏ အပိုင်း အခြားကား အေ ဒီ ၁၂၀၀ ခန့်မှ အေ ဒီ ၁၅၀၀ ကျော်အထိ ဖြစ်ပါသည်။ အရည်းဟူသော ဝေါဟာရသည် အရညကင် ၌တင် ဆောင်သဖြင့် ရသော အမည် ဖြစ်ဟန်ရှိ၍။ အရညကင်မှ ရွေ့လျော၍ အရည်း ဖြစ်လာဟန် ရှိပါသည်[၂]။ ဆရာအချို့က အရိယာမှ အရည် ဖြစ်လေဟန် ကြံဆသည်ကား ယုတ္တိ တန်မည် မထင်ချေ[၃]။ သို့သော် အရည်း ဟူသောအမည်ကို ခေတ်ပြိုင် ကျောက်ရေးဆရာတို့က[၄] အသုံး အစွဲအလွန် နည်းပါသည်။ **တဝ်ကျောင်း**[၅] နေရဟန်းဟူ၍၎င်း၊ **တဝ်မွတ်ကြီး**[၆] ဟူ၍၎င်း အခေါ် များ၏။ ထို့ကြောင့်-

> **သိက္ခာမတင် သိမ်မဝင်ဘဲ ရသေ့ရဟန်း အသွင်နှင့် နေသူကို အရည်း[၇]**

ဟု အပြောအဆိုရှိသည်ကိုလည်း မနှစ်သက်နိုင်ချေ။ ယင်းအချက် အလက်များကို ဤစာတမ်း၌

---

* မြန်မာနိုင်ငံ သုတေသနအသင်း၏ ၂၅၊ ၅၊ ၅၉ အစည်းအဝေး၌ ဖတ်သည်၊ သဘာပတိအဖြစ် ယဉ်ကျေးမှု ဝန်ကြီး ဦးချစ်သောင်းက ဆောင်ရွက်သည်။

၁။ မဟာဓမ္မသင်္ကြံ၊ **သာသနာလင်္ကာရစာတမ်း**၊ ၁၈၃၁၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆၊ စာမျက်နှာ ၁၂၄။

၂။ **မြန်မာပြည် သုတေသန အသင်းဂျာနယ်**။ အတွဲ ၉ အပိုင်း ၃ စာမျက်နှာ ၁၅၅-၆ နှင့် အတွဲ ၁၀ အပိုင်း ၂ စာမျက်နှာ ၈၂-၃ ကိုကြည့်။

၃။ **မြန်မာပြည် သုတေသနဂျာနယ်**။ အတွဲ ၁၀ အပိုင်း ၁ စာမျက်နှာ ၂၈-၃၀ နှင့် အတွဲ ၁၀ အပိုင်း ၃ စာမျက်နှာ ၁၅၈ - ၉ ကိုကြည့်။

၄။ ဓါတ်ပုံ ၄၀/ ၅၊ ၆။ ဓါတ်ပုံ ၅၄/ ၂ မိဘ္ဘူ၊ဓါတ်ပုံ ၃၃၁ ခ/၃။ ဓါတ်ပုံ ၂၄၁/၅၊ ၈ ။ ဓါတ်ပုံ၂၅၀/ ၂။ ဓါတ်ပုံ ၂၆၄/၈။ အနိမ့်တောကျောင်း၊ **ရွှေကူ**ကျောက် ၂/၄။

၅။ ဓါတ်ပုံ ၄၄ က/၃။ ဓါတ်ပုံ ၆၈/၂။ ဓါတ်ပုံ ၈၉/၁၊ ၃၃။ စသည်။

၆။ ဓါတ်ပုံ ၂၀၈ /၁၂။ ဓါတ်ပုံ ၂၂၃ က/၈။

၇။ မဟာဓမ္မသင်္ကြံ၊ **သာသနာလင်္ကာရစာတမ်း**၊ ၁၈၃၁၊ ဟံသာဝတီ၊ ရန်ကုန်။ ၁၉၅၆၊ စာမျက်နှာ ၁၂၈။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

အသေးစိပ်ရှင်းလင်းပါမည်။ ဖော်ပြပြီးသည့်အတိုင်း ဤစာတမ်းသည် အချုပ်အားဖြင့် တောကျောင်း ရဟန်းတို့အကြောင်းကိုရေးသားမည်ဖြစ်၍အချိန်ကာလအားဖြင့် အေဒီ ၁၂၀၀မှ ၁၅၀၀ ထိဖြစ်ပါသည်။ ဤစာတမ်းကို ရေးရာ၌ မြန်မာနိုင်ငံသမိုင်း ကော်မရှင်တွင် စုဆောင်းပြီး ရှိသော ကျောက်စာမှင်ကူးပုံများကို အသုံးပြုရပါသည်။ ထိုသို့ အသုံးပြုခွင့် ရသဖြင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကို များစွာကျေးဇူးတင်ပါသည်။သက်ဆိုင်ရာ ကျောက်စာ အချို့ကို ကူညီရေးကူး စိစစ်ပေးသဖြင့်ဒေါက်တာ ရီရီနှင့် ဦးတင်လှသော်တို့ကို အထူးကျေးဇူးတင်ပါသည်။

**တာဝ် က္လောင်** တဆောင်ကို မိဖုရားတပါး၏ မယ်တော်က အေဒီ ၁၂၁၆ ခု နှစ်၌ **သ္ငိင်ယင်တဝ်** အား ဆောက်လုပ်လှူတမ်း၍ တောင်နီမှ လယ်အပယ် ၂၀-ကိုလည်း လှူကြောင်း ကျောက်စာ ထားရစ်သည်[၈]။ ယင်းကို ထောက်၍ ၁၃-ရာစု ဦးကပင်လျှင် တောကျောင်းဂိုဏ်းသည် မင်းအချီးအမြှင့်ခံရလျက်ခေတ်စားလာပြီဟုမှတ်ယူရမည်။ပုဂံအရှေ့ မင်းနန်းသူ၌ **ပြသတာ** အရှေ့တောကျောင်း၌ **ရာဇမဟာ မင်္ဂလပတိ** က အေဒီ ၁၂၃၃ တွင် ကူတည်ကြောင်း ရေးမှတ်ခဲ့သဖြင့် ၁၃-ရာစု၏ ပထမ နှစ်အစိပ်လွန်လျှင် တောကျောင်းဂိုဏ်းသည် မြို့တော် အနီးသို့ ချဉ်းကပ်လာလေပြီဟု နားလည်ရပါသည်[၉]။ **ဇေယျပွတ်** အမည်ခံ အရေးပါသော မင်းမတ် တဦးက အေဒီ ၁၂၃၆ ၌ ပုဂံအရှေ့ဖွားစောဘွင် တောကျောင်းတည်၍[၁၀] မြန်မာ ကျွန်အများ ကျောင်းတွင်လှူသည်။ နောက်တနှစ်၌ မြေ ၇၅-ပယ်လှူပြန်သည်[၁၁]။ **က္လစွာ** မင်း နန်းရပြီးမကြာမီ ထိုမြေကိုသိမ်းယူလျှင် တောကျောင်းရဟန်းတို့ အပြင်းအထန် ကန့်ကွက်သဖြင့် မင်း လက်လျှော့လိုက်ရပုံကိုလည်း ကျောက်ရေး မှတ်တမ်းရှိပါသည်[၁၂]။ ယခု ဖော်ပြခဲ့သည့် ပုဂံအရှေ့ရှိ ဖွားစောနှင့်မင်းနန်းသူ အရပ်များကား **သစ်မတိ**ဟု ရေးရေးရှိသည်။ ရာဇဝင်ကျမ်းများ၌ သမထီးဟု ဖော်ပြလေ့ရှိသော အရပ်ပင်ဖြစ်ပါသည်။ တောကျောင်းဂိုဏ်း စတင်ရာ ဒေသကား ယခုအခါ မုံရွာခရိုင်နှင့်စကိုင်းခရိုင် အမြင့် အနိမ့် မြင်းမူ ကျောက်ရစ်စသော ရွာများဖြစ်၍ ဖြစ်ဟန်ကို အောက်တွင် **မဟာကဿပ**အကြောင်း ပြောသောအခါ၌ အသေးစိပ်ဖော်ပြပါမည်။ **ဖုန်းမှတ်ကြီး မဟာကဿပ**တည်သော **တဝ်က္လောင်**[၁၃] သို့မဟုတ် **သ္ငိင် မဟာကဿပအော်တာဝ်က္လောင်**[၁၄] ဟူ၍ ရံဖန်ရံခါ တွဲဖက်ဖော်ပြခြင်းကိုတွေ့ရသဖြင့် ခေါင်းဆောင်နှင့်ဂိုဏ်းကို ရည်ညွှန်းသည်ဟု ယူဆရသည်။ ချင်းတွင်းမြစ်ခြေမှ အကြေသို့စုံ၍ ပုဂံတွင်ထင်ရှားလာပုံကို ၁၂၄၇-ခုထိုး ကျောက်စာ[၁၅] အရသိရပါသည်။ တောကျောင်း ဘိက္ခုနှင့်ယှဉ်၍ တောကျောင်း ဘိက္ခုနီ ရှိကြောင်းကို ၁၂၈၁ ခုထိုး ကျောက်စာ [၁၆] အရ တအံ့တသြသိရပါသည်။ ဘိက္ခုနီ၏ အမည်မှာ **အိုဆီ** ဖြစ်၏[၁၇]။

---

၈။ ဓါတ်ပုံ ၄၄က/ ၃။

၉။ ဓါတ်ပုံ ၆၀/ ၂။

၁၀။ ဓါတ်ပုံ ၈၉/ ၁။

၁၁။ ဓါတ်ပုံ ၉၀/ ၁၂-၁၄။

၁၂။ ဓါတ်ပုံ ၉၀/။ ၁၅-၁၆။

၁၃။ ဓါတ်ပုံ ၁၄၀ က/ ၂။

၁၄။ ဓါတ်ပုံ ၁၄၃ က/ ၇။ ဓါတ်ပုံ ၁၄၃ ခ/ ၅။

၁၅။ ဓါတ်ပုံ ၁၆၃/ ၁၃။

၁၆။ ဓါတ်ပုံ ၂၆၀/ ၁၆။

၁၇။ စကားသင့်၍ ဖော်ပြလိုသည်မှာ ပုဂံခေတ်က ဘိက္ခုနီရှိကြောင်း သက်သေအခိုင်အမာ (ဓါတ်ပုံ ၂၉/ ၇ — ၁၉။ ဓါတ်ပုံ ၅၃/ ၇။ဓါတ်ပုံ ၈၉/ ၂၇။ ဓါတ်ပုံ ၉၂/ ၁၃။ ဓါတ်ပုံ ၁၀၁/ ၂၀။ ဓါတ်ပုံ ၁၁၉က/ ၂။ ဓါတ်ပုံ ၁၃၄ ခ/ ၅။ ဓါတ်ပုံ ၁၄၇ခ/ ၂၀-၁။ ဓါတ်ပုံ ၂၁၀/ ၁၁-၁၅။ ဓါတ်ပုံ ၂၁၄ ခ/ ၉။ ဓါတ်ပုံ ၂၂၀/ ၉။ ဓါတ်ပုံ ၂၂၁/ ၂၇။ ဓါတ်ပုံ ၂၆၀/ ၁၆။ ဓါတ်ပုံ ၃၂၉/ ၁၅။ ဓါတ်ပုံ ၅၁၀/ ၃။ ဓါတ်ပုံ ၅၅၉ က/ ၁၄။ ဓါတ်ပုံ ၅၆၂ က/ ၈။ ဓါတ်ပုံ ၅၇၆က/ ၇)၊ ရှိ၍ အနည်းဆုံး အေဒီ ၁၄၀၈ ခုအထိ ဘိက္ခုနီ (ဓါတ်ပုံ ၅၁၀/ ၃၊ သကရစ် ၇၁၇။ စာရင်း ၈၃၄/ ၂၊ သကရစ် ၇၇၀၊ **ရွှေကျောင် သင်္ဃရာဇာ အိမ်တောင်ရှိဝ်**)ရှိသည်ဟု ယူဆစရာအကြောင်း ရှိပါသည်။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ပုဂံခေတ်မှ များစွာလွန်၍ လာသည့်တိုင်အောင်လည်း တောကျောင်းများ ခေတ်စားလျက်ပင် ရှိကြောင်းကိုတွေ့ရပါသေးသည်[၁၈]။ ဤ**အရညဝါသီတစ်ကွောင်**[၁၉] မှ ရဟန်းတို့ကား အချို့ကိုယ်တော်များမှအပ[၂၀] များသောအားဖြင့် တောတွင် တကိုယ်တည်း နေ၍ အရညကင် ခုတင်ဆောင်ကြသည် မဟုတ်ချေ။ ၎င်းတို့ကား ကြီးစွာသော ကျောင်းကို ဆောက်လျက် နေထိုင်ခါ ကြယ်ပြန့်သော မြေယာပိုင်ရှင်များ ဖြစ်ကြ၍ ဝိနည်းကိုလည်း ခပ်ရှော့ရှော့ပင် လိုက်နာကြဟန်ရှိ၏။ ၎င်တို့း၏ အမှုအကျင့်ကို အောက် တနေရာတွင် အသေးစိပ် ဖော်ပြပါမည်။

ရဟန်းများပင် ဖြစ်သောကြောင့် မြေယာကို ဒါယကာတို့ လှူသဖြင့် အသင့် အတင့် ရမြဲဖြစ်သော်လည်း တောကျောင်း ရဟန်းတို့ကား ထိုမျှနှင့် မကြေနပ်နိုင်ချေ။ ငွေဖြင့် ဝယ်၍ မြေယာပိုင်နက် တိုးချဲ့ကြ၏။ ဤသို့ မြေဝယ်လျှင် အရောင်းအဝယ် ပြောရေး ဆိုမှုကို လူဝတ်ကြောင်အား စေခိုင်းလေ့ရှိ၏[၂၁]။ အောက်ပါ သက်သေဖြင့် ထင်ရှားစေအံ့။ မဟာကဿပ၏ ဘေးတော်သူ **သင်္ကြံမသူ** သည် **သင်တောင်ခရိန်** မှ **သုရောက္ခ**ရှိ မြေ ၇၉-ပယ်ကို သာသနာတော် အထောက်အပံ့အလို့ငှါ လှူတန်းခဲ့၏။ **သင်္ကြံမသူ**လွန်လျှင် သားမြေးတဦးဖြစ်သော **ငရောက်သင်**ဆိုသူ တဦးက ထိုမြေကို အမွေပစ္စည်း အဝင်အပါ သဘောထား၍ သိမ်းယူသည်။ နောင်အခါ ဆင်းရဲသဖြင့် **ဆိပ်တောင်ကင်းမှ စကြဝ်** တို့ကို ရောင်းစားခဲ့၏။ **ငရောက်သင်** သေဆုံးပြီးမှ ၎င်းသည် ထိုမြေကို ရောင်းစားခွင့် မရှိကြောင်း ပေါ်၍ **စတုရက်ပိုလ်** နှင့် **အစလဖရစ်** ခေါ်သော တရားသူကြီးနှစ်ဦးအား ကြားရောက်ခါ တရားစွဲဆိုရ၏။ **အထက်စာရင်း**၌ ထိုမြေကို မူလက **သင်္ကြံမသူ**အား မင်းပေးကြောင်း တွေ့ရ၍ **သင်္ကြံမသူ**ပိုင် ဝတ္တုမိုးမြေကို **ငရောက်သင်** ထက် **မဟာကဿပ**ကအမွေခံစစ်သည်ဟုယူဆသဖြင့် **မဟာကဿပ**အား အနိုင်ပေးလိုက်သည်။ သို့သော် **မဟာကဿပ**က မိမိ၏သွေးသားပင်ဖြစ်သော **ငရောက်သင်**သည် သာသနာမြေကို စော်ကားသဖြင့် ငရဲ၌ ပင်ပန်းကြီးစွာ အပြစ်ခံလျက် ရှိမည်ကို မျှော်ခေါ် သနားလျက် အဆိုပါမြေကို တရား နိုင်သည့်အတွက် အလကား သိမ်းယူခြင်း မပြုမူ၍ **သင်္ဃကဉ္စာ**မှ ငွေထုတ်လျက် **လူသုခမိန်** ဖြစ်သော **ဓမ္မဘဏ္ဍာ** ကို တပယ်လျှင် ငွေ တဆဲ့ငါးကျပ်ပေး၍ ရွေးယူစေသည်။

---

၁၈။ ခါတ်ပုံ ၄၆၅ က/၃၊ သကရစ် ၆၇၂။ ခါတ်ပုံ ၄၁၅/၂၊ သကရစ် ၆၇၄။ ခါတ်ပုံ ၅၃၅/၂၇၊ ၃၃၊ ၃၅၊ ၃၆၊ သကရစ် ၆၉၄။ ခါတ်ပုံ ၄၄၇/၁၅။ သကရစ်၆၉၅။ ခါတ်ပုံ ၄၆၃/၆၊ ၁၃။ သကရစ်၇၀၃။ ခါတ်ပုံ ၄၆၅ခ/၁၀၊ သကရစ် ၇၀၃။ ခါတ်ပုံ ၅၂၁ က/ ၁၁-၁၄၊ သကရစ် ၇၂၀။ ခါတ်ပုံ ၅၃၇ ခ/၁၀၊ သကရစ် ၇၂၃ ခါတ်ပုံ ၅၉၁ က/၉၊ သကရစ်၇၂၄။ ခါတ်ပုံ ၅၄၁က/၆၊ သကရစ် ၇၂၅။ အဝနဂျောဒရွာ ကျောင်းကျောက်/ ၅၊ သကရစ် ၇၃၂။ စါရင်း ၆၆၅ က/ ၄၊ ၇၊ ၁၀၊ သကရစ် ၇၃၆။ စါရင်း ၆၈၂/ ၄၈၊ သကရစ် ၇၃၇။ စါရင်း၇၀၆/ ၇၊ သကရစ် ၇၄၂။ ကျောက်ရစ် ရွှေပေါင်လေါင် ၄ မျက်နှာကျောက်အရှေ့မျက်နှာ/ ၁၁၊ သကရစ် ၇၅၀။ စါရင်း ၇၇၀/ ၉၊ သကရစ် ၇၅၅။ ကျောက်ရစ်ရွှေပေါင်လောင် ၂ မျက်နှာ ကျောက် မျက်နှာ /၁၃၊ ၁၆၊ ၂၀၊ ၂၃၊ သကရစ် ၇၆၀။ အနိမ့်ကျောက်စ ရွှေကျင် ကျောက်မျက်နှာ/ ၃၆၊ သကရစ် ၇၆၉။ စာရင်း ဂ၆၆/ ၇၊ သကရစ် ၇၈၀။ စကိုင်း ထူပါရုံ ၁၅၊ ကျော/ ၁၊ သကရစ် ၇၈၃။ စကိုင်းရေမျက်ကဲလားပြောက်/ ၁၇၊ သကရစ် ၇၈၅။ စာရင်း ဂ၇၉က/ ၃၊ သကရစ် ၇၈၇။ မြင်းမူ ရွှေပေါင်လောင်ကျောက်/ ဂ၊ သကရစ် ၇၈၈။ အနိမ့်တောကျောင်း တောင်မင်းခေါင် ၄ မျက်နှာကျောက် တောင်မျက်နှာ/ ဂ၊ သကရစ် ဂ၀၂။

၁၉။ ခါတ်ပုံ ၄၆၅က/ ၃၊ သကရစ် ၆၇၂။ ကျောက်ရစ်ရွှေပေါင်လောင်ဘုရား ၄ မျက်နှာကျောက် အရှေ့မျက်နှာ/၁၁၊ သကရစ် ၇၅၀။ ခါတ်ပုံ ၅၈၃က/ ၂၀၊ သကရစ် ၇၇၉။ ချောင်ဦးမကျိုရွာတောင်ရွာဆိုးကုန်း/ ၉၊ သကရစ် ၁၀၃၀။

၂၀။ အမြင့်မင်းရဲကျောင်း၂မျက်နှာ ကျောက်ငယ်မျက်နှာ/၅၊၇၊ သကရစ် ၇၃၃။**အညာတကုဋ္ဌာည်** မဟာတေရ်

၂၁။ ခါတ်ပုံ ၁၆၂ နှင့် ၁၆၃ ကြည့်။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ထိုသို့ဖြစ်ပျက်ခဲ့သည်ကား၊အေဒီ ၁၂၄၄ [၂၂] ခုနှစ်ကဖြစ်ပါသည်။ ဤအဖြစ်အပျက် ပါရှိသော ကျောက်စာ၌ပင် **လူသုခမိန်**ဖြစ်သော **ဓမ္မဘဏ္ဍာ**ကို နောက်ထပ် မြေ အဝယ်ခိုင်းသည်မှာ ငါး ကြိမ်တိတိ ရှိပါသည်[၂၃]။

အထက်ပါ အတိုင်း လယ်မြေဝယ်ယူရာ၌ ယခုခေတ်သဘောဘင် သဿာတော်တို့နှင့် မအပ် စပ်ဟု၍ယူဆမည့် အမှုအကျင့်တခုရှိသည်ကို ဖော်ပြရပါမည်။ ယင်းကား အရောင်းအဝယ်အောင် မြင်ခြင်းကြောင့် မှူးတူးခြင်း၊ မြေယာပိုင်ရှင် ပြောင်းလဲကြောင်း အသိအကြား ပြုရန် လူ အများကို ဘိတ်ကြား၍ ကျွေးမွေးရခြင်းနှင့် ဆိုင်ရာနယ်မြေ အရာရှိတို့အား ဖျင် အဝတ်တို့ကို လက်ဆောင်ပေးရခြင်းတို့ဖြစ်၍ သေ သား သောက်စားရာ၌ ရဟန်းများ ပင် ပါဝင် သောက်စား ခြင်းပြုသည်ကို တွေ့ရ၏။ လယ်မြေ၏ ဈေးနှုန်းကို ပြောဆိုရာ၌လည်း **သိယ်ဖိုဝ်သာဖိုဝ်**[၂၄] ကို ထည့်သွင်းဖော်ပြမြဲဖြစ်၏။ ဈေးတည့်၍ အရောင်းအဝယ် အောင်မြင်လျှင် **ပြီသိယ်ပြီသာစာ ပါ၏**[၂၅] ဟုဇဖော်ပြလေ့ရှိသည်။ သို့သော် တခါတရံ သေဘိုး သားဘိုး ဖျင်ဘိုးအားလုံးကိုချုံ၍ **စာဖုဝ်**[၂၆] ဟုဖော်ပြတတ်လျက် သဘော အဓိပ္ပါယ် အားလုံးကို ပေါင်း၍ **စာဇပအော်/ စာစေ သော/ စာရအော်/စာပေသအော**[၂၇] ဟု လိုက်လျောခွင့်ပြုချက်ကို ဖော်ပြ၏။ ထို့ထက်ပို၍ သေခြာ

---

၂၂။ ဓါတ်ပုံ ၁၆၂။

၂၃။ ဤသို့ မြေအရောင်းအဝယ် ပြုရာ၌ အကြမ်းအားဖြင့် တွေ့ရသော ဈေးနှုန်းမှာ ခရိုန် ဒေသ၌ ဈေးကြီးရ ကား တပယ်လျှင် ငွေ ၂၀ သို့မဟုတ်ကြေး ဂ ပိဿာကဲ့သို့ ဈေးဖြစ်သည့်အခါလည်း ရှိသည်။ တိုက် အရပ်၌မူ ဈေးမှာ များစွာ နည်းသဖြင့် မြေတပယ်လျှင် ငွေတကျပ် သို့မဟုတ် ကြေးပိဿာဝက်မျှသာ ပေးရ၏။ ကြိတ်နှုန်းအားဖြင့် တပယ်လျှင် ငွေ ဂ ကျပ် မှ ၁၀ အထိ သို့မဟုတ် ကြေး ၂ ပိဿာ ၃ ပိဿာမျှ တန်ဘိုး ရှိသည်။

၂၄။ ဓါတ်ပုံ ၂၂၄/ ၁၀-၁၁၊ သကရစ် ၆၃၀။ ဓါတ်ပုံ ၂၃၁ က/ ၅၊ သကရစ် ၆၃၂။ ဓါတ်ပုံ ၂၆၄/ ၄-၆၊ သကရစ် ၆၄၂။ ဓါတ်ပုံ ၂၆ဂ/ ဂ-၉၊ သကရစ် ၆၄၃။ ဓါတ်ပုံ ၃ဂ၀/ ၆-၇၊ သကရစ် ၆၁၁။ ဓါတ်ပုံ ၃၉၅/ ၁၆-၁ဂ၊ သကရစ် ၆၆၄။ ဓါတ်ပုံ ၄၁၀/ ၇၊ သကရစ် ၆၇၀။ ဓါတ်ပုံ ၄၂၃/ ၃၃-၄၊ သကရစ် ၆၇၉။ ဓါတ်ပုံ ၅၃၂/ ၉၊ သကရစ် ၇၂၂ (**သာဝါ**)။ ဓါတ်ပုံ ၅၄၃ က/ ၂ဂ၊ သကရစ် ၇၂၆။ အနိမ့်ဘန်စောင်း လေသာ ကျောင်းတိုက် ကျောက် ကျော/ ၁၄၊ သကရစ် ၇၄၀။ ကျောက်ချစ်ရွှေပေါင်လောင်ကျော/ ၁၉-၂၀၊ သက ရစ် ၇၆၀။ ရေမျက်ကဲလာပြောက် ကျောက်/ ၂၅၊ သကရစ် ၇ဂ၅။ စာရင်း ၉၂၂ခ/ ၁၂၊ သကရစ် ဂ၀၁။ စာရင်း ၉၂၃/ ၁၂၊ သကရစ် ဂ၀၁။ စာရင်း ဂ၄၀က/ ၃၂၊ သကရစ် ဂ၀၁။ စာရင်း ဂ၄၀ခ/ ၂၊ ၄၊၆၊၇၊၁၃၊၁၅၊၁၇၊ သကရစ် ဂ၀၃။

၂၅။ ဓါတ်ပုံ ၅၁၉ ဂ/ ၁၀၊ သကရစ် ၆ဂ၆။ ဓါတ်ပုံ ၅၄၃ က/ ၂၅၊ သကရစ် ၇၂၆။ မန္တလေး နန်းတော်ရှိ ကျောက် ၁၀၆ မျက်နှာ/ ၅၊သကရစ် ၇၇၀။ စာရင်း ဂ၄၀က/ ၂၅၊ ၂ဂ၊ ၄၂၊ ၄၃၊ ၄၅၊ သကရစ် ဂ၀၁။ စာရင်း ၉၂၃/ ၅၊ ၁၃၊ ၁၆၊ သကရစ် ဂ၀၁။ စာရင်း ၉၂၅ ခ/ ၅၊ သကရစ် ဂ၀၂။ စာရင်း ဂ၄၀ခ/ ၃၊ သကရစ် ဂ၀၃။ စာရင်း ၁၃၇၁/ ၃။

၂၆။ ဓါတ်ပုံ ၄၅၆ ခ/ ၅၊ သကရစ် ၆၉ဂ။

၂၇။ ဓါတ်ပုံ ၄၁ဂ/ ၁ဂ၊ သကရစ် ၆၇။ ဓါတ်ပုံ ၄၇၄/ ၁၄၊ သကရစ် ၇၀၆။ ဓါတ်ပုံ ၅၁၆/ ၁၄၊ သကရစ် ၇၁ဂ။ ဓါတ်ပုံ ၅၂၀ က/ ၁ဂ၊ သကရစ် ၇၂၀။ ဓါတ်ပုံ ၅၃၆/ ၉၊ သကရစ် ၇၂၃။ အမြင့်တန်ဆောင်း လေသာ ကျောင်းတိုက်ကျောက် ကျော/ ၄၊ သကရစ် ၇၄၀။ မန္တလေးနန်းတော်ရှိကျောက် ၁၀၆ မျက်နှာ/ ဂ၊ သက ရစ် ၇၇၀။ ရေမျက်ကဲလာပြောက်/ ဿ၊ သကရစ် ၇ဂ၅။ စကိုင်းစေတီလှ တိလောကဂုရုချောင် အနောက် မျက်နှာ ကျော/ ၂၊ သကရစ် ၇ဂ၅။


Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

လိုသော သူတို့ကမူ **စသောက်ပိယ်ရယ်**[၂၈] ဟု မှတ်တမ်းတင်ခဲ့ကြ၏။ ဤသို့စားသောက်ပွဲကြီး ကျင်းပရာ၌ မည်သို့သော အသားကို စား၍ မည်သို့သော သေရည်ကို သောက်မည်နည်းဟု သိလိုကြပေမည်။ ခေတ်ပြိုင် ကျောက်ရေး ဆရာတို့က ဤအချက်တို့ကိုလည်း ချင်းချန်၍ မထားဘဲ အသေးစိပ်ဖော်ပြခဲ့ပါသည်။စားဖွယ်တွင် **ထမင်းဟင်းအမဲအဆာ**[၂၉] ဟု သာမညပြောသည်လည်း ရှိ၏။ **သေထွင်**[၃၀] ဟု သေကို အသားပေး၍ ဖော်ပြသည်လည်းရှိ၏။ အလွန် ကြီးကြယ်သော ထမင်းပွဲကြီး ဖြစ်ကြောင်းကို ထင်ရှားစေလိုသဖြင့် **သေကြီသာကြီစာ** သည်[၃၁] ဟု မှတ်တမ်း တင်ပြန်သည်။ သို့မဟုတ် စားသောက်သော ပစ္စည်း အမည်အရည်ဖြင့် **သာနွာ ၂ ခု သမင် ၃ ခု သေ ၃၀**[၃၂] ဟူ၍၎င်း၊ **စသောက် ပေသကာ နွာပိုက်ကြီတခု၊ ဝက်တောင်တခု သေသုံဆယ်မ္လတ်**[၃၃] ဟူ၍၎င်း ဖော်ပြတတ်သည်။ နွားကြီးတကောင် ဝက်ကြီးတကောင် သေအိုး ၃၀-ကျော်ကုန်သည့် ထမင်းပွဲသို့ လာမည့် လူအင်အားကို ချင့်ချိန်၍ ကြည့်နိုင်ပါသည်။ သို့မဟုတ် မြန်မာတို့သည် လွန်ခဲ့သော အနှစ်ငါးရာကျော်က ယခုထက် အဆများစွာ ပို၍ သေရည် သောက်ခြင်း အသားစားခြင်း ပြုသည်ဟု ယူဆရာသည်။ အလှူ ဒါနကို မှတ်တမ်းတင်သော ကျောက်စာ၌ **ကျွဲသတ်ရယ်စသောက်ပေသတော**[၃၄] ဟု ရိုးရိုး လွယ်လွယ် ရေးထားဝန့်သော သတ္တိကိုလည်း

---

၂၈။ ?မန္တလေး နန်းတော်ရှေ့ကျောက် ၇၄ ကျော/၂၁၊ ၂၂၊ သကရစ်၅၄၅။ ဓါတ်ပုံ ၄၄၉/ ၉၊၂၁၊၂၆၊ သကရစ် ၆၅၁။ စာရင်း ၇၀၄/ ၁၆၊ သကရစ် ၇၀၁။ ဓါတ်ပုံ၄၆၄ က/ ၉၊ ၁၀၊ ၁၃၊ သကရစ် ၇၀၃။ ဓါတ်ပုံ ၄၇၃ ခ/ ၅၊သကရစ် ၇၀၆။ ဓါတ်ပုံ၄၇၄/၉၊သကရစ် ၇၀၆။ ဓါတ်ပုံ၄၈၈က/၂၁၊ သကရစ် ၇၁၂။ ဓါတ်ပုံ ၅၈၇ခ/ ၅၊ သကရစ်၇၁၃။ဓါတ်ပုံ ၅၀၉/၂၂၊၂၄၊ သကရစ် ၇၁၇၊ ဓါတ်ပုံ၅၁၅က/၁၁၊၁၂၊၁၃၊ သကရစ် ၇၁၈။ ဓါတ်ပုံ ၅၁၆/၉၊ ၁၇၊ သကရစ် ၇၁၈။ ဓါတ်ပုံ ၅၁၉ခ/ ၇၊ သကရစ် ၇၁၈။ ဓါတ်ပုံ ၅၂၈/ ၂၀၊ သကရစ် ၇၂၁။ ဓါတ်ပုံ ၅၂၆/၆၊ သကရစ် ၇၂၁။ ဓါတ်ပုံ၅၃၆/၂၃၊၂၄၊၂၅၊ သကရစ် ၇၂၃။ ဓါတ်ပုံ၅၄၃ခ/၆၊ သကရစ် ၇၂၆။ပခန်းကြီး၊ ကျောင်းတွင်း ဓမ္မာရုံ ၄ မျက်နှာ ကျောက်အနောက်မျက်နှာ/ ၁၆၊ ၁၇၊ သကရစ် ၇၂၉။ ၎င်း၊ အရှေ့မျက်နှာ/ ၁၈-၁၉၊ သကရစ် ၇၂၉။ စာရင်း ၆၃၆က/ ၁၇၊ သကရစ် ၇၃၂။ စာရင်း ၆၆ ခ/ ၂၊ သကရစ် ၇၃၄။ စာရင်း၆၇၁ က/ ၄၊ သကရစ် ၇၃၅။ စာရင်း ၆၈၂/ ၂၇၊ သကရစ် ၇၃၇။ အမြင့်တန်စောင် လေသာကျောင်းတိုက်ကျော/ ၆၊ ၁၄၊ ၂၁၊ သကရစ် ၇၄၀။ စာရင်း ၇၀၄/ ၆၊ ၈၊ ၉၊ သကရစ် ၇၄၂။ စာရင်း ၈၄၇က/ ၂၅၊ ၂၉၊ ၃၁၊ သကရစ် ၇၄၅။ ဆလင်ကြီး ခွန်သာ မြတ်လေးဆူ/ ၁၂၊၃၀၊ ၃၁၊ သကရစ် ၇၄၅။ စာရင်း ၇၂၃/ ၁၃၊ သကရစ် ၇၄၇။ စာရင်း၇၂၆ ခ/၃၊ သကရစ် ၇၄၈။ စာရင်း ၇၄၅ က/၁၉၊ သကရစ် ၇၅၀။ စာရင်း ၇၅၄/၅၊ သကရစ် ၇၅၃။ စာရင်း ၇၇၀/ ၂၇၊ သကရစ် ၇၅၅။ စာရင်း ၇၃၉/ ၄၊ သကရစ် ၇၅၇။ ကျောက်ရစ်ရွှေပေါင်လောင် ၂ မျက်နှာ ကျောက်၊ ရှေ့မျက်နှာ/ ၂၃၊ ၂၄-၅၊ သကရစ် ၇၆၀။ ၎င်းကျော/ ၇၊ ၁၉ ၂၀၊ သကရစ် ၇၆၀။ မန္တလေး နန်းတော်ရှေ့ကျောက် ၁၀၆ မျက်နှာ / ၁၃၊ သကရစ် ၇၇၀။ ၎င်းကျော/ ၄၊ သကရစ် ၇၇၀။ စကိုင်းစေတီလှ လောက ဂုရုချောင် ရှေ့မျက်နှာ/ ၁၇၊ သကရစ် ၇၈၅။ စာရင်း ၇၂၉/ ၄၈၊ သကရစ် ၇၉၁။ အနိမ့်တောကျောင်းတောင်မင်းခေါင် ကျောင်း ၄မျက်နှာ မြောက်/ ၄၇-၈၊ သကရစ် ၈၀၂။ ၎င်းအနောက်/ ၃၀၊ သကရစ် ၈၀၂။ ၎င်းတောင်/ ၆၊ ၁၀၊၁၁၊ ၂၃၊ ၄၅၊ သကရစ် သကရစ် ၈၀၂။ မြင်းခြံ တလုပ်မြို့သုံးလူလ/၁၃၊ ၃၂၊ သကရစ် ၈၁၅။ စာရင်း ၉၈၁ ခ/၅၊ သကရစ် ၈၃၀။

၂၉။ စာရင်း ၇၀၆/၅၊ ၉၊ သကရစ် ၇၄၂။ စကိုင်း ထူပါရုံကျောက် ၁၂ ရှေ့မျက်နှာ/၁၃၊ သကရစ် ၇၆၀။ ကျောက်ရစ် ရွှေပေါင်လောင် ကျော/၁၉၊ ၁၉၊ ၂၀၊ သကရစ် ၇၆၀။

၃၀။ ဓါတ်ပုံ ၅၃၆/၁၉၊ သကရစ် ၇၂၃။ အနိမ့်တောကျောင်း တောင်မင်းခေါင်ကျောက် တောင်မျက်နှာ /၆၊ သကရစ် ၈၀၂။ မြင်းခြံ ရွာသာ ချမ်းသာကြီးဘုရား ကျောက် မျက်နှာ/၁၀၊ သကရစ် မရှိ။

၃၁။ ဓါတ်ပုံ ၄၈၄ ခ/၁၃၊ သကရစ် ၇၁၁။ ဝက်လက်သစ်ဆိမ့်ကြီး ပြာသာဒ်လှကျောင်းကျောက် မျက်နှာ/၂၃၊ ကျော/၅၊ သကရစ် ၇၆၄။

၃၂။ ပခန်းကြီး ကျောင်းတွင်း ဓမ္မာရုံ ၄ မျက်နှာကျောက် အရှေ့မျက်နှာ/၁၈၊ သကရစ် ၇၂၉။

၃၃။ ဆလင်ကြီးခွန်သာရွာ မြတ်လေးဆူဘုရားကျောက်/၁၂၊ သကရစ် ၇၄၅။

၃၄။ စာရင်း ၇၂၆ ခ/၃၊ သကရစ် ၇၄၈။ စာရင်း ၇၉၃ က/၁၇၊ သကရစ် ၇၆၀ တွင် ကျွဲ ၂ ခု သတ်ရှယ် ဟုလည်း ပါသည်။


Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ချီးကြူးရပေမည်။ ဘုရားမြေ၏ နယ်အပိုင်းအခြားကို မှတ်၍ ကျောက်တိုင် စိုက်ပေးရသူ လူ အနည်းငယ်ကပင်လျှင် **ကျွောက်ဆောက်သောလေနွာတခု လုည်ရှယ် စာသောက်ပေ၏**[၃၅] ဟု ပြောရသည်။ ရဟန်းတို့ကလည်း **သင်္ဃိကစိတ်တခု သေထမင်နှင် မယ်စာပေ၏**[၃၆] ဟု ဆိုရသည်။ ဤပွဲမျိုးကို ခေတ်ကာလအလိုက် နောက်ပိုင်းတွင် ပို၍ ပို၍ ကြီးကြယ်အောင် စီမံလာသည်ကို တွေ့ရပြန်သည်။ နမူနာအားဖြင့်ဖော်ပြရလျှင် အေ ဒီ ၁၂၄၉ နှစ် လောက်က **နွာ ၁ ခု၊ သေ ခုနှစ်လုံမ်**[၃၇]ကုန်သည့် ပွဲမျိုးကို ကြီးလှပြီဟု ယူဆရသည်မှ အနှစ် ၂၀၀ ခန့်အကွာ အေ ဒီ ၁၄၂၉ ခုနှစ်တွင် **နွာ ၈ ခု၊ ဝက် ၅-ခု၊ ဆိတ် ၁၀၊ သေ ၃၀** [၃၈] စားသောက်သည့်ပွဲကား သမရိုးကျ လုပ်ရိုး လုပ်စဉ် ပွဲမျိုးဖြစ်၍လာပါသည်။

အထက်ဖော်ပြပါ **အမဲအဆာ**[၃၉] တွင် မည်သည့်သားကောင်တို့ ပါဝင်သည်ကို ရှင်းလိုပါသည်။ **စားသောက်ကြသည်တို့ကို** စာရင်းပြု၍ ကြည့်သောအခါ၌ နွားကိုစားရန် အနှစ်သက်ဆုံး ဖြစ်ကြောင်းတွေ့ရသည်။ **နွာကြီတခု သေ ငါလုံနှင့် စားသောက်ရ၏ မြို၏** [၄၀] ဟုတခါတည်း နှင့် နွားတကောင် ကုန်အောင် စားကြသည်က များ၏။အလီလီအစုစု နွား ၈- ကောင်[၄၁] ။ ၁၀ ကောင်[၄၂]။ ၁၅ ကောင်[၄၃] ကုန်သည်လည်းရှိ၏။စားသောနွားတို့မှာ အရွယ်အမျိုးအစားစား ရှိသည်။ **နွာနက်**[၄၄] **နွာပိုက်**[၄၅] **နွာမ**[၄၆] **နွာလာ**[၄၇] ဟူ၍ရှင်း၊ **လှုယ်နွာ**[၄၈] **သာနွာ**[၄၉] ဟူ၍ရှင်း၊ ခွဲခြား ဖော်ပြသည်။ ဤတွင် **သာနွာ** ဟူသည် နွားငယ်ကို ဆိုလိုဟန်ရှိ၍ လူကြိုက်ပို၍ များပေမည်။ နွားပြီးလျှင် ဒုတိယ လူကြိုက် အများဆုံးကား ဝက် ဖြစ်ပါသည်။ ဝက် ၁၀-ကောင် [၅၀] ကုန်သည့်ပွဲလည်း ရှိဘူးသည်။ အမျိုးအစားအားဖြင့် **သာဝက်** [၅၁] **ဝက်မ**[၅၂] **ဝက်တောင်**[၅၃] နှင့် **ဝက်တောင်စွယ်ထွက်**[၅၄] တို့ဖြစ်ပါသည်။တတိယ အတွင်ဆုံးသားကောင်ကား

---

၃၅။ စာရင်း ၇၇၀/၂၇၊ သကရစ် ၇၅၅။
၃၆။ အနိမ့်တောကျောင်း တောင်မင်းခေါင်ကျောက် တောင်မျက်နှာ/၆၊ သကရစ် ၈၀၂။
၃၇။ ခါတ်ပုံ ၃၈၀/၆၊ သကရစ် ၆၁၁။
၃၈။ စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁။
၃၉။ စကိုင်းထူပါရုံကျောက် ၁၂ မျက်နှာ/ ၁၃၊ သကရစ် ၇၆၀။
၄၀။ မန္တလေးနန်းတော်ရုံကျောက် ၁၀၆ မျက်နှာ/၁၃၊ သကရစ် ၇၇၁။
၄၁။ ခါတ်ပုံ ၅၃၈ ခ/၁၆၊ သကရစ် ၇၂၃။ စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁။
၄၂။ မန္တလေး နန်းတော်ရုံကျောက် ၇၄ ကျော/၂၁၊ သကရစ် ၅၄၅။ စကိုင်းရေမျက်ဘုရားငါးဆူမျက်နှာ/ ၂၅၊ သကရစ် ၇၃၇။
၄၃။ မန္တလေး နန်းတော်ရုံကျောက် ၁၀၆ မျက်နှာ/၈၊ သကရစ် ၇၇၁။
၄၄။ စာရင်း ၁၃၂၄/၁၆၊ သကရစ် ၈၅၇။
၄၅။ ခါတ်ပုံ ၄၇၄/၁၉၊ သကရစ် ၇၀၆။ စာရင်း ၈၄၇ က/၂၅၊ သကရစ် ၇၄၅။ ဆလင်ကြီး ခွန်သာမြတ် လေးဆူ/၁၂၊ သကရစ် ၇၄၅။ စာရင်း ၇၅၄/၅၊ သကရစ် ၇၅၃။
၄၆။ ခါတ်ပုံ ၄၃၃ က/၁၀၊ သကရစ် ၆၈၃။ ခါတ်ပုံ ၄၇၃ ခ/၅၊ သကရစ် ၇၀၆။
၄၇။ ခါတ်ပုံ ၄၃၃ က/၁၀၊ သကရစ် ၆၈၃။ ခါတ်ပုံ ၄၇၃ ခ/၅၊ သကရစ် ၇၀၆။ စကိုင်း စေတီလှတိလောက ဂုရုချောင် ကျောက် အနောက်မျက်နှာ/၆၊ သကရစ် ၇၈၅။
၄၈။ စကိုင်း စေတီလှ တိလောကဂုရု ချောင် ကျောက် အနောက်မျက်နှာ/၈၊ သကရစ် ၇၈၅။
၄၉။ ခါတ်ပုံ ၄၃၃ ခ/၈၊ သကရစ် ၆၈၃။
၅၀။ အနိမ့်တောကျောင်း တောင်မင်းခေါင်အနောက် မျက်နှာ/၁၃၊ သကရစ် ၈၀၂။
၅၁။ ခါတ်ပုံ ၄၄၉/၉၊ သကရစ်/၆၅၁။
၅၂။ ခါတ်ပုံ ၄၃၃ ခ/၈၊ သကရစ် ၆၈၃။
၅၃။ ခါတ်ပုံ ၅၁၉ ခ/၇၊ သကရစ် ၇၁၈။
၅၄။ မန္တလေး နန်းတော် ကျောက်စာရုံကျောက် ၁၀၆ ရှေ့ မျက်နှာ/၅၊ သကရစ် ၇၇၀။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ဆိတ်ဖြစ်၏။ ဆိတ် ၁၀-ကောင် [၅၅] ကုန်သောပွဲ၊ ၁၈-ကောင် [၅၆] ကုန်သောပွဲတို့လည်း ရှိဘူးပါသည်။ ကျွဲကိုမူ လုံး၀ မရှောင် သော်လည်း စားခဲ့သည်ဟု ဆိုရမည်[၅၇]။ သမင် [၅၈] ကြက် [၅၉] နှင့် ငါး [၆၀] တို့ကို စားကြောင်းလည်း အမှတ်အသားများ တွေ့ရပါသည်။

အစားနှင့် စပ်သော အသောက်ကို စစ်ဆေးရန် လိုပြန်သည်။ အေဒီ ၁၃၇၆ ခုနှစ် မှတ်တမ်းတခုတွင်

> မဟာထည် စသော သွိင်တကာကိုဝ် တကွိဏ ထန်လှူရှယ် ယံမကာ အဖျဝ်နှင် အကွ ဆွံငွေ ၏[၆၁]။

ဟုပါရှိရာ **ယံမကာ အဖျဝ်** ကား ကုလားအမည် ဖြစ်၍ ထန်းရည်မှ ဖြစ်သော သေ အရက်ချိုမျိုးတည်းဟု ဆရာဘို ယူသည် [၆၂]။ ပေါက်မြိုင်သမာရွာ ကုဒွေးကျောင်း၏ အေဒီ ၁၃၇၃ ခုနှစ် ရက်စွဲရှိသော တတိယ **ဇြေျာဖျာ** (၁၃၆၇-၁၄၀၀)ခေါ် မင်းကြီးစွာ စော်ကဲ၏ ကျောက်တွင်

> ဤသိုဝ်လှူတ် မူရှယ် ရသ စေ စိမ့်မ္လိယ်ကိုဝ် ထန်စိုက်ရှယ် ယခင်တွင် ငွေောင် ပ္လုရှယ် အာလှူခ၏။ ဤထန်ကိုဝ် ငွေောင်ကာ နှစ်ဆ။ ယကင်တွင် သွိင် အပေါင်ကာ တဆ။ သောက်ပါစေ သတေ [၆၃]။

ဟု ရေးသားပါရှိရာ၊ ထန်းရည်ကို သခင် သဃ်ာတို့ သောက်ပါစိမ့်သောငှါ စိုက်၏။ ကျောင်းနှစ်ကျောင်းနေ ရဟန်းတို့ တစ်ဆ နှစ်ဆ အသီးသီး အချိုးမျှ၍ သောက်ပါဟု အနက်ရသည်။ အခြားအနက် ကြံဆ၍ မရချေ။ ရဟန်းတို့ မိမိနှင့် မဆိုင်သည့် သေ တလုံးမျှကို ယူ၍ သောက်လျှင် ဘေး သင့်ပါစေ ဟူသော ကြိမ်စာကိုလည်း တွေ့ဘူးပါသည် [၆၄]။ ဤအချက်များကို ထောက်ခံသော အခြား သက်သေတခုကား အေဒီ ၁၃၇၃ တွင်ပင် ရေးထိုးသော မင်းရဲ အသင်္ခယာ၏ ပခန်းကြီး ကြောင်လိမ်ဘုရား ကျောက်တွင်

> ၊ စာသောက်ပေသည်ကာ။ သာန္တာ တခု၊ ဝက် တခု၊ ဆိတ် ၁ခု၊ ကြက် ဂ ခု၊ သေ ၂၅ လုံး၊ ဤအကုန် ပေါင်လောင် မဟာထိငွေောင်ထက်လျှင် စာသောက်ပေကုန်ရှယ်ပြီ၏ [၆၅]။

---

၅၅။ စာရင်း ၇၂၉/၄၀၊ သကရစ် ၇၉၁။
၅၆။ ခါတ်ပုံ ၅၂၀ က/၁၀၊ သကရစ် ၇၂၀။
၅၇။ ခါတ်ပုံ ၅၀၉/၂၂၊ သကရစ် ၇၁၇။ စကိုင်းရွာသစ် ဘုရားငါးဆူ မျက်နှာ/၂၅၊ သကရစ် ၇၃၇။ စာရင်း ၇၂၆ ခ/၃၊ သကရစ် ၇၄၀။
၅၈။ ပခန်းကြီး ကျောင်းတွင်း ဓမ္မာရုံ ၄ မျက်နှာကျောက် အရှေ့မျက်နှာ /၁၀၊ သကရစ် ၇၂၉။
၅၉။ စာရင်း ၆၇၁ က/၄၊ သကရစ် ၇၃၅။ အနိမ့်တောကျောင်း တောင်မင်းခေါင် အနောက် မျက်နှာ/၁၄၊ သကရစ် ၈၀၂။
၆၀။ ခါတ်ပုံ ၅၃၂/၉၊ သကရစ် ၇၂၂။
၆၁။ ခါတ်ပုံ ၂၃၇/၁၄၊ သကရစ် ၇၃၈။
၆၂။ G. H. Luce: "Economic Life of the Early Burman" *JBRS*, XXX, i, p. 296.
၆၃။ စာရင်း ၆၇၀/၈၊ သကရစ် ၇၃၅။
၆၄။ မြင်းခြံ ရွာသာရွာ ချမ်းသာကြီးဘုရားကျောက် မျက်နှာ/၁၃။
၆၅။ စာရင်း ၆၇၁ က/၁၂၊ သကရစ် ၇၃၅။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ဟု မှတ်တမ်းတင်လျက်ရှိရာ ဆရာတော်၏ ကျောင်းတက်၌ သောက်စားကြခြင်းကို ယခုခေတ် အနေဖြင့် အံ့ဩဖွယ် ရှိမည် ဖြစ်သော်လည်း ထိုစဉ် အခါက မှတ်တမ်းများ၌ **ကျွောင်တ်ဦနှိုက် သွိင် မျာတိုဝ် လေ စာပေ၏ ဩဂ္ဂလေနာ၏**[၆၆] ဟူ၍၎င်း၊ **ကုလာကျွောင်ဦ ထက်လျှင် စာသောက်ပေသော သင်္ဃာထိ**[၆၇] ဟူ၍၎င်း၊ **သေသာစာပေရှယ်လျှ၏**[၆၈] ဟူ၍၎င်း တွေ့ရှိရသဖြင့် လူရော ရဟန်းပါ အလှူတွင်လည်း စားသောက်ကြသည်ဟု ယူရန်သာ ရှိပါသည်။ ရဟန်းကျောင်း အပြင် သေသောက်ရန် အခြား နေရာများလည်း ရှိသေး၏။ အေဒီ ၁၃၇၈ ခုနှစ် ရေးသောကျောက်တခု၌ **ဂူမ်ထက်သောက်စာပိယ်ရှယ်**[၆၉] ဟု ပါသည်။ ထို့ထက် ဆန်းသည် ကား **မြို့ဝ်လဲလျှင် ကနာကြို ဆောက်ရှယ် စာသောက်ပေ၏**[၇၀] ဟူ၍၎င်း၊ **ရွာလဲလျှင် ကနာ ဆောက်ရှယ်... စာသောက်ပိယ်၏**[၇၁] ဟူ၍၎င်း။ **ထိုဝ်လဲတွင်နှိုက် တ်ထွင်ရှယ် ကန္နာကြိဆောက် ရှယ်... စာသောက်ပေရှယ်**[၇၂] ဟူ၍၎င်း တွေ့ရသဖြင့် ဤစားသောက်ပွဲမျိုးကို အထူးနေရာ ပြင်ဆင်၍ လုပ်ရိုးလည်း ရှိသည်ဟု သိရ၏။ ရိုးရိုး လွယ်လွယ်နှင့် ထူးခြားသည့် အစီ အစဉ်ကို ကျောက်ရစ် ရွှေပေါင်လောင် ကျောက်၌

> **၊မင်ကြီခြို၊တ်ကျွောင် မဟာထေ စသော သင်္ဃာ အပေါင် စည်ဝေရှယ် စာ သောက်သကာ မင်ကျွည်ပင်ရင် နှုက်တေ၊ ပြည်စိုဝ် ရွာသူကြီ အသည်မျာ တိုဝ် စာသောက်သကာ ကုတ်ကိုဝ်ပင်တေ မင် စသော သမိသ္မက် စည်ဝေသကာ ပေါက် ၂ ပင်တေ**[၇၃]။

ဟူ၍ တွေ့ရသည်။ ရဟန်းကအစ သေသောက်သော ခေတ်ဖြစ်သဖြင့် သေ ၇-လုံး၊နွား ၁-ကောင်၊ ထမင်း ၅-အိုး စားသောက်ကြသော ပွဲလာသူ စာရင်းတခု၌ အမျိုးသမီး- **အိမ်မစည်** တယောက် ပါနေသည်မှာလည်း ဆန်းလှသည် မဟုတ်ချေ[၇၄]။ **စကိုင်းပိတုသင်္ဃရာဇာ**က အေဒီ ၁၄၄၁ ခု ကျောက်စာ၌ **သေကောင်၏**[၇၅] ဟု မှတ်ချက် ချသည်မှာ စိတ်ပါဝင်စားဘွယ် ဖြစ်ပါသည်။

**ထန်းရည်**[၇၆] နှင့် ပေါင်းရည်ဖြစ်သော သေတို့သည် အကျော်ကြားဆုံး ဖြစ်သော်လည်း **ပေရည်**[၇၇] နှင့် **အရက်**[၇၈] တို့ကို သောက်စားခြင်း အသင့်အတင့်ရှိပါသည်။ **အရက်**ကို မူလထိုး

---

၆၆။ ခါတ်ပုံ ၅၀၄/၁၆၊ သကရစ် ၇၁၅။
၆၇။ ခါတ်ပုံ ၅၃၆/၂၃၊ သကရစ် ၇၂၃။
၆၈။ ခါတ်ပုံ ၅၈၇ ခ/၅၊ သကရစ် ၇၂၃။
၆၉။ အမြင့်တန်ဆောင် လေသာကျောင်းတိုက်ကျောက်ကျော/၆၊ သကရစ် ၇၄၀။
၇၀။ ပခန်းကြီး ကျောင်းတွင်း ဓမ္မာရုံ ၄ မျက်နှာ ကျောက်အရှေ့မျက်နှာ/၁၉၊ သကရစ် ၇၂၉။
၇၁။ ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ ၄ မျက်နှာကျောက် အနောက် မျက်နှာ/၁၆၊ သကရစ် ၇၂၉။
၇၂။ စာရင်း ၆၃၆ / ၁၇၊ သကရစ် ၇၃၂။
၇၃။ ကျောက်ရစ်၊ ရွှေပေါင်လောင်ကျောက် ရှေ့မျက်နှာ / ၂၃-၄၊ သကရစ် ၇၆၀။
၇၄။ စာရင်း ၈၄၇က / ၃၁၊ သကရစ် ၇၄၅။
၇၅။ စာရင်း ၈၄၀ခ / ၁၅၊ သကရစ် ၈၀၃။
၇၆။ စာရင်း ၉၅၂ခ / ၈၊ သကရစ် ၈၅၂။
၇၇။ ကျောက်ရစ် ရွှေပေါင်လောင်ကျောက် ကျော / ၂၉၊ သကရစ် ၇၆၀။
၇၈။ စာရင်း ၂၇၇ / ၁၉၊ သကရစ် ၆၁၀။ ဝက်လက် သစ်ဆိမ့်ကြီးကျောင်း ကျောက် မျက်နှာ /. ၂၃၊ သကရစ် ၇၄၃။ စာရင်း ၇၁၈ခ / ၆၊ သကရစ် ၇၄၃။ ကျောက်ရစ် ရွှေပေါင်လောင် ကျောက် ကျော / ၁၉၊ သကရစ် ၇၆၀။ စာရင်း ၈၉၁ / ၅၊ သကရစ် ၇၉၁။ စာရင်း ၉၀၂က / ၁၆၊ သကရစ် ၇၉၅။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

မဟုတ်ဟု ထင်ရသော အေ ဒီ ၁၂၄၈ ခု နှစ် ကျောက် [၇၈က] မှလွဲ၍ အေ ဒီ ၁၃၇၉ ခုနှစ်တွင် အစောဆုံး တွေ့ရ၍ တွေ့ရပုံမှာလည်း မိဖုရား **စောဝ်**က အရက် **တပေါင်ကန်** လှူသည်ဟု ပါရှိသည် [၇၈ခ]။

အရောင်းအဝယ်နှင့် အလှူအတန်းတွင် စားသောက်ရသော ထုံးစံကဲ့သို့ ဖျင်းမဲ ဖျင်ဖြူ လှမ်းခြင်းအလေ့တခု ရှိပါသေးသည်။ အထူးသဖြင့် မြေယာ၏ပိုင်ရှင် ပြောင်းလဲသည့် အခါတိုင်း၌ ဆိုင်ရာမြေကိုစိုးသော သူတို့အား အသိအကြား ပြုစေကြောင်း ဖျင်လက်ဆောင် ပေးရဘန်တူသည်။ အမတ်ကြီး လက်ဝဲ ဇနီးမောင်နှံသည် အေ ဒီ ၁၃၁၇ နှစ်၌ ကျောင်းပြု၍ မြေလှူသောအခါတွင် ထားရစ်သည့် မှတ်တမ်းကား

။ဤကျွောင်နှိုက် ရတနာ ၃ ပါဒသာအာ ပစ္စည်၄ ပါ ဖွစ်စိမ်ငှါ လှူသော မြို့ယ်ကာ။ ကန်သျှာ တန္ဒာဦသန်လဲ ၂၀။ ငစွဲသင် မြန် သန်လဲ ၈ ပဲ။ ညောင်နှစ်ပင်နောက် မုရျင် ၅ ပဲ။ ဤမျှသော လဲကာ ကလန်သံပျင် ၄ ယောက် စသ စခိကုန်သြှင်ကိုဝ်ဖုမင်ကြီတြျာဖျာဟု အသချ်ာကာ ၁၀၀ မ္ဘတ်လိုဝ်ဟု ခေါင့်သောလျှင်ရောင်ကုန်သတေ။ ပိယ်သောအဖိုဝ်ကာ။ ငွယ် ၁၄၅ ကျ္ဘပ်တေ။ အဝတ်ကာ ဖုမ္မသကြ်ံ ဖုမ္မပါ ဖုမ္မဖတ်တြာ ဖုမ္မသိခ်ါ ရံမပိုဝ် ရံမသု။ ၆ ယောက်သော ဖျင်မည် ၆ ထည်။ သန်မြင်ကာ တုယင် ပုစ္စန်ဆိ တထည် အနန္တ သူရ စဝ်ထေ အိုမ်ကောင် သင် ငံသသင် ငသောက်ကြူသင် ငချံ ငစံပ ငပိုင်ဲ ၈ ယောက်သော ဖျင် ဖ္လူ ၈ ညည်ကံကဲဖျင် တခည် သာ န္ဒာ ၂ ခု သမင် ၃ ခု သေ ၃၀ မြိုဝ်လဲလျှင် ကနာကြိ ဆောက်ရှယ် စာသောက်ပေ၏။ [၇၉]

ဤမှတ်ဘမ်း၌ အမည်တွင် ဖုမ္မ ပါသော သူတို့သည် မြေကို စိုးသော အရာရှိ တမျိုး ဖြစ်ဟန် တူ၍ ၎င်းတို့ကို အမှူးပြု၍ ဖျင်မဲ ဖျင်ဖြူ ပေးရသည်။ ခင်မွန်ရွာ ကက်သူ ကျောင်း ကျောက်စာ၌ ရေးပုံမှာ ပို၍ရှင်းသည်။

။မြေနင်သကာ လယ်ယာ သကြံ် တဒယောက်၊ ပြည်စိုဝ်တယောက်၊ ဖုမ္မချတ်တြာ တဒယောက်၊ ဖုမ္မသကြံ် တဒယောက် စခိလေကုန်သြှင်မြင်စည် စသော ကုခန်သံပျင် ကျွန် အကုန်ပါ၏။ ပေအပ်သော စခိ သံပျင် ကလန် တိုဝ်ကိုဝ်၊ သိုဝ်၊ သန်တိုင်နိ၊ ဖျင်ညိုဝ်၊ ဖျင်နှံ၊ ဖျင်မည်၊ ဖျင်ဖ္လူ၊ စာသောက်ပေကုန်၏၊ [၈၀]

ဤစားသောက် ပေးကမ်းသော ဓလေ့သည် အေ ဒီ ၁၂၀၀ ကျော်မှ စ၍ အထင် အရှား ဖြစ်ပေါ်လာခဲ့သည်မှာ အေ ဒီ ၁၅၀၀ ခန့် အထိ ဖြစ်သည်။

ရဟန်းတို့ မြေဝယ်ခြင်း၊ အမဲအဆာ စားခြင်း၊ သေအရက်သောက်ခြင်း၊ ဖျင်မဲဖျင်ဖြူ လှမ်း

---

၇၈က။ စာရင်း ၂၂၇ / ၁၉၊ သကရစ် ၆၇၀။
၇၈ခ။ ဝက်လက် သစ်ဆိမ့်ကြီးကျောင်း ကျောက် မျက်နှာ / ၂၃၊ သကရစ် ၇၄၁။
၇၉။ ပင်္ကျူ၊ ပခန်းကြီးမြောက်ကျောင်းတွင်းရွာမမှာရှိ ၄ မျက်နှာ ကျောက် အရှေ့မျက်နှာ / ၁၁-၁၉၊ သကရစ် ၇၂၉။
၈၀။ စာရင်း ၆၈၂ / ၂၅-၈၊ သကရစ် ၇၃၇။


Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ခြင်း၊ တို့ကို အသေးစိပ် ဖော်ပြရသည်မှာ **တစ်မှတ်ကြီ** ခေါ် တောကျောင်း ရဟန်း သို့မဟုတ် အရည်းတို့သည် ထိုသေသားကို မက်မောခြင်းမှ လွဲ၍ အများ အယူ ရှိသကဲ့သို့ အခြား ဆိုးသွမ်းသော အမူအကျင့် မရှိသည်ကို ထင်ရှားစေလို၍ ဖြစ်ပါသည်။ သေသားအပြင် ပြောစရာ နောက်တချက်ကား ပုဂံမင်းနန်သူ အဇ္ဇဂေါဏကျောင်း နန္ဒမညာ ဘုရားအနီးမှ ရသော အေဒီ ၁၂၄၀-ရက်စွဲပါသော်လည်း ဆင့်ထုံးဟု ထင်ရသည့် ကျောက်တွင် ရဟန်းတို့ အတွက် ထမင်းဟင်း နံနက်စာတအိုး ညစာတအိုး ချက်၍ပေးစေဟု ပါသည် [၈၁] ကို တွေ့ရပါသည်။ သေသောက်ခြင်း၊ညစာစားခြင်း၊ သားကြီး ငါးကြီး သတ်သည်ကို အားပေး အားမြှောက်ပြုခြင်းမှ လွဲ၍ ထိုရဟန်းတို့သည် ယခု ရဟန်းတို့ထက် အမူအကျင့်ညံ့သည်ဟု မဆိုသာချေ။ တောကျောင်း ထွန်းကားရာ အမြင့် အနိမ့် အရပ်များ၌ **တစ်မှတ်ကြီ**တို့တွင် အောက် ကောက်နုတ်ချက်ပါ ပုဂ္ဂိုလ်မျိုးလည်း ရှိ၏။

> ဘုရားမှတ်စွာ သာသနာနှိုက် အကျင် သိတင် သည်ခန်ခြင်နှင့် ပ္လည်စုံစွာသော အလှန် လောကီဆန်ရပ် ကျည်ကြီသော ဖုန်မှတ်ကြီစွာ အညာတကုဏ္ဍည်သော မဟာထေသည် ကာကြိကူမည်သောပြည်၏ တောင်မျက်နှာ ရွာနှင်မကပ် တစ်၏ အရပ် သစ်ပင်ရင်နှိုက် သမခန်ခင်ရှယ် သံသပိတ်ကိုဝ် ရှေတေလျက် ဘာဝနာ မူရှယ် နေစန်လျှင် တ်ဆင်ပေါက်မြင်ရှယ် နှာမောင် မိုဝ်လျက် တ် သံ ရှုန်ရှယ်ပ္လေ ခုပ်လတ္တော၊ မဟာထေ၏ အခံရောက်သော သတ်အံမတ္တ သစ်ခက်ညှိုဝ်ရှယ်ရှိခိုဝ် ပုဇ်ပြီသော လက်ယာပတ်လည်ရှယ် သွာခဲ ဤအကြောင်ကိုဝ် တံငါတိုဝ်မြင်ရှယ် လေသောင် သုကြိ သုဝဏ္ဏပကြံအာ ကြာပလေ၏ အမတ်ကြီလေ ဘုန်မှတ်ကြီစွာ အထံ လာရှယ် မှတ်စွာ သိုင် အတီရပ်သိုဝ် သွာအံသနေ့ဟု မေရကာ၏ ဘုန်ကြီသော အမတ်ကြီ ဤပြည်နှိုက် မိုရှယ် ဆွံခံစံသော ဟု ပေရကာ သင်ခံ ပ္လုပေခဲ [၈၂]

စင်စစ်အားဖြင့် ဤအညာတကုဏ္ဍည်ကဲ့သို့သော ခေါင်းဆောင်မျိုးကို မှီ၍ တောကျောင်းဂိုဏ်းကြီးပွါးရခြင်း ဖြစ်၏။ ဤပုဂ္ဂိုလ်ကား လောကီစျာန်ရသည် ဟူ၍ပင် ကြည်ညိုသူများက ယုံမှတ်ကြပါသည်။

တောကျောင်း ရဟန်းတို့ကို အထူး ကျေးဇူး တင်ထိုက်သော အချက်တခု ရှိသေး၏။ မြန်မာတို့ မူလနေရာကို **ခရိုင်**၊ ထိုမှ ချဲ့ထွင်နေထိုင်ရာကို **တိုက်** ဟု ရှိရာ ပုဂံပျက်လျှင် **တိုက်** အရပ်များ၌ မြေယာ များစွာသည် ထွန်ယက် စိုက်ပျိုးရန် လူမရှိခြင်း၊ လူရှိပြန်လည်း လုံခြုံမှု မရှိခြင်းတို့ကြောင့် တောအတိ ပြန်၍ဖြစ်ရသည်။ တိုင်းပြည် မည်သို့ အခြေအနေရှိမည်ကို အေဒီ ၁၃၇၅ ခုနှစ် ထိုး ကျောက်၏ အောက်ပါ ကောက်နုတ်ချက်ဖြင့် သိသာပါသည်။

> လေင် (တောင်ငူမင်း) နတ်ရွာလာပြီ အဝမင်ကြီ စဝ်ခု ကြိမ် တက်လစ်သော ရဟန် ပုံနှာ လူတကာတိုဝ်သည် မှတ်သောအခါနှိုက် ဝတ် ကြက် ခု၇ပါ အစုမ်အပါ ၂၀၀ ငါပေရ၏လူတိုဝ် မှတ်ရှယ် သေသောခါ လူများကိုဝ် ကျိုဝ်နှင်ထပ်တူလျှင် သနာစွာရှယ် လျှုသောထမင်ကာ တနေသော အခွက်ငါခဲ ၂ည နက်

---

၈၁။ စာရင်း ၂၇၇ / ၂၀-၁၊ သကရစ် ၆၁၀။ G. E. Harvey: *History of Burma*, p. 60.

၈၂။ အမြင့်မင်းရဲကျောင်း၂မျက်နှာကျောက်ငယ်မျက်နှာ / ၅-၁၃၊ သကရစ် ၇၃၃။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd. Bangkok. Thailand.

မပြတ် လှူရ၏ စံမက် ဖြစ်သော သွိင်တိုဝ် ကျန်မြောင်သည် ဟိသောလေမကျန်စေရက်
ပစ္စည် ၄ ပါ စုံအောင် လှူရ၏[၇၃]

တဖန် အေဒီ ၁၃၈၆ ခုနှစ် ထိုးကျောက်၌လည်း

မဟာမတိမာ ခည်အာ၊ ဥစ္စနာမင်ကြီသည် သင်္ဃရာဆင်ရယ်ကိုဝ် ကြောက်စွာသောကြောင် ပင် ကွေယ်တိုက်တွင် စုံလတ်ရယ် သကရစ် ၆၁၇ ခု စိဿနှစ် တပေါင်ဆွန် ၁၃ရျက် ၅ နေ မွေ ၁၅၀၀ စေယျသတ္တိယ်တိုက်တွင် လှူတဝ်မူ၏၊ အခါတပါ တရုက်ဖျက်ရှယ်တ် အတိ ဖြစ်ခဲရယ်၊ မိုဝ်မွေ တိုဝ်တွင် အကျိုဝ်ကား တဝ် ဖြစ်ခဲ၊[၇၄]။

တခါမျှ စိုက်ပျိုးခြင်းမပြုဘူးသော တောမြေ သို့မဟုတ် မြေစိမ်းနှင့်တကွ စိုက်ပျိုးဘူးလျက် တောပြန်ဖြစ်သော တောမြေတို့ကို ယခု တောကျောင်း ရဟန်းတို့က သက်ဆိုင်ရာ အာဏာပိုင် တို့ထံတွင် ငွေ၊ အစား၊ အသောက်၊ အဝတ် ပေး၍ ယူခါ ပြန်၍ ထွန်ယက်နိုင်အောင် ကြံစီ အား ထုတ် ပေးခဲ့ကြ၏။ ဤအချက်ကား ပြည်ရွာ ငြိမ်းချမ်း၍ အစာရေစာ ပေါများလျက် စီးပွါးရေး ကုံလုံအောင် တဘက်တလမ်းမှ ဆောင်ရွက်ပေးခြင်း ဖြစ်သဖြင့် ၎င်းတို့သည် အထူး ကျေးဇူးတင် ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထိုခေတ် အခါက အစိုးရ ဝါဒနှင့်လည်း ကိုက်ညီပါသည်။ ထင်ရှားသော သာဓက တခုကား

။ဖုရာသွိင် သာသနာ ၁၉၇၃အခါနိုက် ပိဋကတ်သုံမ်ပုံမ်နှုက် ရဲရင်သ ပညာ အာ ဖြင်သိရိသ ဓမ္မ သေနာပတိဟု ထင်ရှာစွာသော အမည်တ်လည် ဟိထသော သဒ္ဒါပညာ လုံမ်လ အာနှင် လည်ပွည်စုံမ်စွာထသော ပိဋကတ် ၉ ပုံ၏ ါယကာလည် ဖြစ်ထသော ထိ ဖြုလည်ဆောင် ထသော ပိတူသင်္ဃရာဇာသည်၊ ကွောက်ဆောက်သ အခါက စသည် အနှစ် ၃၀ တိုင်တိုင် အကျိုဝ်မရ ဟိသတောစိမ်ကိုဝ် သမန်တရစ် ကွောင်နေက သိတ်မူရကာ၊ဝ၊ ရတနာသုံမ်ပါ၏ အစီအဖွာ ဖြစ်စိမ်သဝ်ငှါ တပေည် ဖြစ်သော အညာ ဥမ်မင်ဆြာ တဝ်ကိုဝ်တွင် စမူစေ၏၊ မရက သင်္ဃရာဇာလည် ကိုဝ်တ် သွာရယ် အာအတိုင် ထွင်တဝ်မူ၏၊ ရှည်စွာသဝ် မြောင်ကြီ ကိုဝ်လည် တူတဝ်မူ၏ မင်တြာဟုသ အမည်တဝ်အာ ဖြင် ထင်ရှာစွာသ သတိုဝ်မင်ကြီသည်၊ ပြည်ထဲ၏ စီဖွာ အလိုဝ်ငှါ တဝ်စိမ်ဟိရရာထွင်တဝ်မူသအခါ၊ ဤမြေကိုဝ်လည် ထွန်ပါအံ ဟု မွောက် မိဖုရာနှင်အကွ တင်ကျိနာနှိုက် နေတဝ်မူလတ် တေည် မဟာသင်္ဃရာဇာလည် တိုဝ် တ်လာရယ်မြေအခြင်ကိုဝ်ဆိုဝ်ရယ် ဆုံခံတ်မူ၏၊ မင်တြာသည် မွောက် မိဖုရာနှင် အကွ လည်တဝ်မူရယ် အမတ်ကြီရာဇာကိုဝ် တာစေသဝ် ၂၉၅၀ တပဲခွဲ စရွတ်ဟု နာတဝ် လျှောက်၏၊ မင်ကြီမင်တြာသည် သင်္ဃရာဇာ ခွည် မထွင်နိုင် ငါထွင်ပါအံဟု ဆိုဝ် တဝ် မ၏၊ မဟာသင်္ဃရာဇလည် ရတနာသုံမ်ပါ၏ ဝတ္တုပျက်တလျှင်ခအံဟု နာတဝ်လျှောက်ရယ် ခြေတဝ် စန်လလည်ဖိုဝ်ကိုဝ် သူရဲစာ ငွေ ၃၀၀ ဆက်၏၊ တာပေသော စစ်ခီဗောဓိနှင် အကွ သော အမတ်ကြီ ရာဇာကိုဝ် ငွေ ၅၀ ရွှေ ၃ ကျပ်ပေ၏ တာစုံကိုဝ် ၅ ကျပ် ပေ၏၊ လုံလ အာ ဖြင် တောကိုဝ်ထွင်သ ပြည်ည အာ ဖြင် မင်ကိုဝ် ဆုံခံရယ် အပျက်စေသော သဒ္ဒာအာ ဖြင် ဥစ္စာကွရယ် ရတနာ ၃ ပါ အစီအဖွာ ဖြစ်သော ဤမြေတွင် ထွင်စမူသော မြောင်ဦ တန်ဆင်ကြီတွင် ပတ္တမြာစာတိကိုဝ် အရျာသင်္ဃာ အပေါင်နှင် ငီညွှတ်စွာမူရယ် ၁၀ လှူတ် မူ၏။ ပိတူစည်ခုံမ်ကိုဝ်လည် ၁၀ လှူတ်မူ၏၊ ပိတူဖုရာကြီကိုဝ်လည် ၁၀ လှူတ်မူ၏၊ ဖြတ်

၇၃။ စာရင်း ၆၈၆ / ၈-၁၀၊ သကရစ် ၇၃၇။

၇၄။ အနိမ့်တောကျောင်း ရွှေဂူ ကျောက် ၂ကျော / ၇-၁၁၊ သကရစ် ၇၄၈။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

> မုသော ပိဋကတ် ၉ ပုံမ်ကိုဝ်လည် ၂၀ လျှုတ်မူ၏၊ ဤမျှ ကြွင်သ မွေကိုဝ်ကာ ပုဂ္ဂိုဝ်တစု အရှာ ၂ စု ဆွံ့လွှစ်စေသော၊ [၇၅]

ဤကျောက်စာ အတိုင်း ဆိုလျှင် တောကျောင်း သံဃာတို့၏ ခေါင်းဆောင်မှာဦး၏ လုံ့လဖြင့် ကေ ၅၀၀၀ ကျော်ခန့်ရှိသော မြေသည် စိုက်ပျိုး၍ရသောမြေ ဖြစ်လာသည့် အပြင် ထိုအခါက အုပ်ချုပ်ဆဲ ဖြစ်သော ဘုရင် ( **မိုဝ်ညင်သတိုဝ်** ၁၅၂၆- ၃၉ ) ကိုယ်တော်တိုင်လည်း တောမြေကို ထွင်ရာ၌ ပါဝင် ဆောင်ရွက်ခြင်းကို မှတ်သား ဂရုပြုဘွယ် တရပ် ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်မျိုး၏ ကျိုးစား ချက်နှင့် မကောက်ပဲ စိုက်ရန် ဘုရင်၏ အားပေးခြင်းတို့ကြောင့် ၁၅- ရာစု မြန်မာ ပြည်သည် ပြန်လည် နေထားတကျရှိ၍ စည်ကားရသည်ဟု ဆိုလျှင် တနည်းအားဖြင့် မှန်ကန်နိုင်စရာ အကြောင်း ရှိပါသည်။

တောခိမ်းမြေကို လယ်လုပ်နိုင်စွမ်း သူတို့သည် ၎င်းတို့ လက်တွင်းသို့ ကျရောက်ပြီးသောလယ်ကို ဇွဲသတ္တိနှင့် ထိန်းသိမ်းမည်ဟု ကောင်းစွာ နားလည်နိုင်ပါသည်။ လယ်တိုးပွါးသည်ကို မင်းအနေနှင့် လိုလားသော်လည်း သာသနာမြေတိုးသဖြင့် မင်းသို့ အခွန်ဆက်သောမြေ အရည်အတွက် လျော့နည်းသည်ကိုမူ လိုလားနိုင်မည် မဟုတ်ချေ။ သက်သေ အထောက်အထားနည်းလျှင် သာသနာမြေကို မင်းက သိမ်းယူလိုမြဲ ဖြစ်ကြောင်း နောက်ပိုင်း ပုဂံမင်းဆက်တွင် ထင်ရှား၍ လာပါသည်။ သံပျင် **ဇေယျပွတ်**သည် **နာတောင်မျာ** မင်းထံမှရသော **ဟင်ရုံပအက်** ရှိ မြေအပယ် ၇၅၀ ကို ပုဂံအရှေ့ ၎င်းပြုသောတောကျောင်း၌ အေ ဒီ ၁၂၂၇ တွင် လှူခဲ့၏။ နောက် အေ ဒီ ၁၂၃၅ တွင် **ကလစွာ**မင်း နန်းတက်ပြီးနောက် နိုင်ငံတော်တဝှမ်းလုံး၌ရှိ မဟာဒါန် လယ်များကို သိမ်းယူသောအခါ တောကျောင်းမြေလည်း ပါလေသည်။

> ။ဇေယျပွတ်တာ်ကျွောင်နိုက်နိယ်သော။ သွိင်သဃ်ာတို့အ်သည်။ မင်ကြီအာကြာလိုက်အော်။ မဟာရစ်။ ဤယ် ဇေယျပွတ်အော်။ မဟာဒါန်ကာ။ တာ်ကျွောင်ပုရှာလျှင် လှူခသတေဟုသောကြာလိုက်အော်။ ဤယ်သိုအ်ကြာလိုက်ရကာ။ မင်ကြီလေပြညာတာဝ် ကြီစွာသော မင် လွှစ်ရကာ။ အ လွှစ်ခပ်သိမ်သောကိုဝ် ဆင်ခြင်ရုယ်။ ငါခမည် ပိယ်သလေစင်အော်။ဇေယျပွတ် ပုရှာလှူသလေစင်အော်။ထိုဝ်မူကာ ပုရှာရလပစိယ်ဟု ရုယ်တေ။မင်ဖထုယ်ရာဇာသူသယောက်၊ ကင်္ကသူ။အမတျာကာ၊ မဟာသိမန်။အမြိုက်လက်ယာ၊ အနန္တဇေယျပိကြံ။မဟာသက်ထိတ်။ ဤမျှသောသူ ၆ ယောက်သောကိုဝ်။နင်တိုဝ်စိတ်စတ်ပိယ်လင်ဟုသော မိန်တာ်မူအော်။ ထိုဝ်သိုဝ်မင် စိတ်စတ်စိယ်ရကာ။ ဤယ်သူ ၆ ယောက် သတိုဝ်အ် (သည်)။ စိတ်စတ်ကုန်သရှဝ်။ ဇေယျပွတ်ကိုဝ်။ မင်ကြီခမည် ပိယ်တာဝ် မူသခလေစင်အော်။ ဇေယျပွတ်ပုရှာ လှူသလေစင်အော်ဟုသော။ ဤယ်သူ ၆ ယောက် သတိုဝ်သည်။ မိန်ကုန်အော်။ ငါရုယ်နာတာ် အာ လွှန်ပိယ်ရကာ။ မင်ကြီလေ မိန်တာ်မူအော်။ ဇေယျပွတ်ကိုဝ် ခမည် မဟာဒါန် ပိယ်သလေစင်အော်။ဇေယျပွတ်သည် တာ် ကျွောင်ပုရှာ လှူသလေစင်အော် ဟုမူကာ ပုရှာရလတ်ပါစေဟု မင်ကြီကာ။ အမတ်တကာ မှောက်လျှင် ရိယ်စင်တာ် လွှ ရုယ်လှူတုံသတေ ။[၇၆]

တောကျောင်း ရဟန်းတို့ ကန့်ကွက်သည်ကို မင်းသည် ၆-ဦးအဖွဲ့ဖွဲ့၍ စုံစမ်းစေလျက် သာသနာမြေ မှန်ကြောင်း သိရသဖြင့် မသိမ်းယူဝန့်သောကြောင့် ပြန်၍ပေးရသည်။ အလားတူ အမှုမျိုးတခု

၇၅။ စာရင်း ၇၉၁ / ၉-၂၄၊ သကရာဇ် ၇၉၁။

၇၆။ ဓါတ်ပုံ ၉၀ / ၁၆- ၂၆၊ သကရာဇ် ၅၉၇။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

အနိမ့်တောကျောင်း၌ အေဒီ ၁၂၅၅ ခုတွင် ဖြစ်ပြန်သည်။ ထိုကျောင်း၌ အုပ်ချုပ်သူကား **သို့်င်မဟာမတိမာထေ** ဖြစ်၏။ **ပစ္စယာဖောင်စင်၊ ငပ္လည်စင်သင်** နှင့် **ငါမြင်သင်**တို့ ထိုကျောင်းကို မြေအ **ပယ် ၁၅၀၀** လှူ၏။ **တလပုံမင်** အမည်ရသော **ဥစ္စနာ**က အေဒီ ၁၂၅၅ ခုနှစ်၌ အခြား **ဖောင်စပ်ပင်ဏ္ဍိ** မြေများကို သိမ်းယူခိုက်တွင် တပါတည်း ထည့်သွင်း၍ ထိုမြေကို သိမ်းယူသည်။ ထိုနှစ်မှာပင် **ဥစ္စနာ**သည် **တလ**သို့လာ၍ ပုံလွန်သည်။**ပန်ပွတ်သည်မ္လိယ်** တွင်သော **တရုက်ပ္လိယ်** နန်းရ၍ ပုဂံရောက်လျှင် မင်းကြီးယောက္ခမ **သရိယ်**ကို မင်းနားကြားအောင် **သို့်င်မဟာမတိမာ**တေက ပြောစေသဖြင့် ကြားလျှင် မင်းကြီးက

> သရိယ် ငါအလောင်လျှင် ယူသော တေငါမသင်နိုဝ်သိမ်ရင် ငါကာအသိုဝ်ဟု ယုအံသံနေ့ သိခင် တိုဝ်ကိုဝ် ငါလှူအော် အလိုဝ်ရစိယ်အော် ရတနာသုံပါသော ပိယ်ကာ ငါမ္လိယ်သိုဝ် ဆံခြည်တတန်လျှင်အဝင်စိယ် ငါတိုဝ်မ္လိယ်ကာ ရတနာသုံပါသော မ္လိယ်သိုဝ်ဝင်သကာ မထိယ်ပ္လစ်သို့်င်တိုဝ်မ္လိယ်ခြာ နှင် အမြယ်အမြဲတိုင် ဆောက်ပလိယ် ဟူသော ထုယ်တ်ရလျှင် သတေ ။[၈၇]

ဤသည်လည်း တောကျောင်း ရဟန်းတို့က မင်း၏ အမူအကျင့်ကို မသင့်သဖြင့် ကန့်ကွက်ပြင်ဆင်၍ သွန်သင်ခြင်းပင် ဖြစ်သည်။ ဤပဂါ့တိုက် မြေများပင်လျှင် အေဒီ ၁၃၈၆ ခုနှစ်တွင် မင်းနှင့်ပတ်သက်၍ အချင်း များရပြန်၏။

> ဓိုဝ် မဟာမတိမာ ခည်အာ၊ ဥစ္စနာ မင်ကြီသည် သင်္ကြာဆင်ရယ်ကိုဝ် ကြောက်စွာသော ကြောင့် ပင်ခွေ္လယ်ဘိုက်တွင် စုစံ လတ်ရှယ် သကရစ် ၆၁၇ ခု စိဿနှစ် တပေါင်လ္ဆန်၁၃ရက် ၅နေ့ မ္လေ ၁၅၀၀ ဝယျသတ္ထိယ်ဘိုက်တွင် လှူဘဝ်မူ၏၊ အခါတပါ တရုက်ဖျက်ရှယ် တ်အတိ ဖ္လစ်ခဲရှယ်၊ ဓိုဝ်မ္လေတိုဝ်တွင် အက္လိုဝ်ကား တဝ် ဖ္လစ်ခဲ၊ အချိုဝ်ကား သို့်င်တိုဝ်အာ ပစ္စည် ဖ္လစ်၏ အခါတပါးသော သိရိတိက်တျ ပဝရ ဓမ္မရာဇ ဟူသော တြျာဖျာမင်ကြီ၏၊ သာဓဝ် ဖ္လစ်သော အဖရာခံ ဓိုက်စွာရှယ် ဂ္လမ်ရွှေယ်မင်အရာ မင်လျှာ ဓာသော တြျာဖျာဆင်ဖ္လု သို့်င်သည် မ္လေဘက်ဘက်ပြည်ကိုဝ် ရသတ်ဒသာခါ၊ ဣ္လအောက်စခိဘိုဝ်၊ တချိုဝ်သမ္လေကိုဝ်သူရဲအပ်ဘိရကာ။ သကရစ် ၇၄၈ ခု တန်ဆောင်မုန်ဆုတ် ၉ ရျက် ၆ နေ၊ ဘုန် မ္လတ်ကြိ ဓမ္မသေနာပတိ မဟာခည်သည်၊ သိရမ္မော သောကမင်ကြိမျာ မိဖုရာသန္ဓမိတ္တာကဲသိုဝ်၊ သဒ္ဓါစွာ ရှယ် ရဟန်သဃ်ာ မှိတင်ရာ ဖ္လစ်သော အမိဖုရာအာချာ်လေရကာ၊ အမတ်ကြိပိတရစ်ကိုဝ်၊ အဖဲ ကြောင့် ဆင်ဖ္လုသို့်င်တြျာဖျာကာ၊ ဥဒ္ဓနာမင်ကြိအလှူကိုဝ် သူရဲဇာပေသနေ့၊ အပစ်တေ လှူကုန်အံချင်၊ ဝတ်ဟောင်ကိုဝ် အထိ ပါလသော၊ ဘုန်ကြိ အသက်ရှည်ကြောင် သို့်င်တိုဝ် ဝတ်လှူပေ၊ အမိအာနာ အဆန်သဒသော မ္လေခြာတိုင်အ္လောက် ဆောက် ပေလသော ဟူ ရှယ် တွေ တဝ် ခ္လ လတ်သောအခါ၊ သဒ္ဓါစွာသ ဆင်ဖ္လုသို့်င်တြျာဖျာလေ စိတ် စစ် သဃ်ော သဃိက အမှတ် သိသတ်ရကာ အပ်မိသသူရှယ် လေတပါ အဇာ ခ္လလေ၏၊ ဝတ်ဟောင်ကိုဝ် လေ ငါလှူ၏၊ အသစ်သဝ်ဒလ ငါလှူပါ၏၊[၈၈]

ဆိုလိုသည်ကား ယာခင်ပင်ဏ္ဍိ **၁၀ တိုက်**အဝင် **ဝယျသတ္ထိယ်တိုက်** မှ မြေ ၁၅၀၀ ကို အနိမ့်ကျောင်းမှ **သျှင်မဟာကဿပ** ၏ ကိုယ်စား အုပ်ချုပ်လျက်ရှိသော **သို့်င်မဟာမတိမာ** အား အလှူရှင်

၈၇။ ဓါတ်ပုံ ၂၉၆ / ၁၁-၁၆၊ သကရစ် ၆၇၉။
၈၈။ အနိမ့်တောကျောင်း ရွှေကူကျောက် ၂ ကျော / ၇-၂၄၊ သကရစ်-၇၄၈။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ဒါယကာတို့ လှူခဲ့သည်ကို **ဥစ္စနာ** လက်ထက် အေဒီ ၁၂၅၅ ခုနှစ်တွင် အသိမ်းခံရ၏။ **မဟာမတိမာ** လည်း **တရုတ်လိုယ်** မင်းကြီး၊ ယောက္ခမ **သရိယ်** မှ တဆင့် မင်းကြီး ကြားအောင် နားတော်လျှောက်စေသဖြင့် **တရုတ်လိုယ်** က သာသနာမြေ အဖြစ်ဖြင့် လှူပြန်၏။ ထိုမြေသည် တိုင်းပြည်တွင်းသို့ တရုတ်စစ် ရောက်လျှင် ထွန်ယက် စိုက်ပျိုးမည့်သူမရှိသဖြင့် တောဖြစ်ပြန်၏။ ထိုအတွင်း တတိယ **ကျွာဇွာ** (၁၃၆၇-၁၄၀၀) ခေါ် မင်းကြီးစွာ စော်ကဲ မြောက်ဖက် တခွင်ကို နှိမ်နင်းအုပ်စီးမိလျှင် ဆုတော် လတ်တော် အဖြစ်ဖြင့် အထက်ပါ **ပင်လွှီ ၁၀ ဘိုက်** အဝင် အပါ မြေအချို့ကို စစ်သည်-သူရဲတို့အား ပေးအပ်မိသည်၊ **သိင်္ခမဟာမတိမာ** ကို ဆက်ခံသူ **ဘုန်းမြတ်ကြီးဓမ္မသေနာပတိ** က မင်းကြီး မိဖုရားမှ တဆင့် အေဒီ ၁၃၈၆ ခုနှစ်တွင် ဤသို့ သာသနာမြေကို သူရဲ ပေးခြင်းသည် မသင့်ကြောင်း မင်း ကြားအောင် နားတော် လျှောက်စေသည်တွင် မြေကို ပြန်၍ ရသည်။ ဤအချက်ကို ထောက်၍ တောကျောင်း ရဟန်းတို့သည် မိမိတို့ပိုင် လယ်မြေကို မင်းအဆက်ဆက် သင်္ဃာတေရ် အဆက်ဆက် ဇွဲနှင့် ထိန်းသိမ်းနိုင်ကြောင်း သိရ၏။

တောကျောင်းဂိုဏ်းတွင် **သိင်္ခမဟာမတိမာ** ကဲ့သို့ ပိဋကတ် တတ်ကျွမ်း၍ ခေါင်းဆောင် အရည် အချင်း ရှိသော ရဟန်းကို ပုဂံခေတ် လွန်၍ အဝခေတ်သို့ ရောက်လျှင် **သင်္ဃရာဇာ** ဟု ခေါ် စမှတ်ပြုသည်။ သင်္ဃာ အများကို အုပ်ချုပ်ရသည်သာမက မင်း၏ အပေါ်၌လည်း သြဇာရှိသည်။ ကနက္ကတန် ထီးဖြူလည်း ဆောင်းခွင့် ရသူများ ဖြစ်၏။ ထို့ပြင် ဒေသ ဆိုင်ရာ **သင်္ဃရာဇာ** အများရှိသည်ကို အမှတ်ထားမိသည်။ မင်းဆရာဟု အခေါ်ခံရသော **သင်္ဃရာဇာ** သည် တန်ခိုး အကြီးဆုံး ဖြစ်ဟန် တူသည်။ အေဒီ ၁၃၃၀ က စ၍ မင်းဆရာဟု အခေါ်ခံသော **သေဋ္ဌိသာပြာမောက္ခ မဟာထေရ သင်္ဃရာဇာ** တဦးရှိခဲ့သည်[၇၉]။ ၎င်းကို မင်းဆရာ အဖြစ် ဆက်ခံသူကား **မဟာသင်္ဃရာဇာ**ပင် ဖြစ်မည်။ အဝမင်းခေါင်ကြီး၏ တန်တာဦးရကြည်ကျောင်း ကျောက်စာတွင် **မဟာသင်္ဃရာဇာ**၏ အကြောင်းကို

> **ကျွာဇွာ မင်ကြိ၏ ဆြို တဝ်မှု လည် ဖ္လစ်ထဒသာ၊ ကုတေဖနန် သန်မကသ အရျာသင်္ဃာ အပေါင်ကိုဝ် အစိုဝ်ရသ မဟာသင်္ဃါရာခေါင် စာမူဒလ ဖ္လစ်ထဒသာ၊ ထိဖ္လူအမှန် ကနက္ကတန် ပိမန်(ရွှေ) ရိုဝ် ပိတ္တိမိုဝ်သဝ်ကောင် ဏ္လိုဝ် စီဖွာကျွာ သိပြို ဖုန်တဝ်ကြီသည် အလှန်ကျွာ ရတ္တနာ သုံပါကိုဝ် ယုံကြည်စွာသော**[၈၀]။

ဟု ရေးသား ပါ၍သည်။ မင်းဆရာ ဖြစ်သော ဤ **မဟာသင်္ဃရာဇာ** သည် အေဒီ ၁၃၇၀ ကျော်မှ စ၍ တံခိုး သြဇာ များစွာ ကြီး၍ ၎င်းအား အမှူးပြုခါ အလှူအတန်းပြုကြသည်ကို ရှေးအနှစ်သုံးဆယ်အတွင်း တွေ့ရပါသည်[၈၁]။ **မဟာ သင်္ဃရာဇာ** ကို **ပိတူသင်္ဃရာဇာ** က ဆက်ခံသည် ဖြစ်မည်။ ဤ **သင်္ဃရာဇာ** ကို

> **ပိဋကတ်သုံမ်ပုံမ်နှိုက် ရဲရင်သပြည်ညာ အာ ဖ္လင် သိရိသဒ္ဓမ္မ သေနာပတ်ဟု ထင်ရှာစွာသော**

---

၇၉။ ခါတ်ပုံ ၅၀၃ / ၂၊ ၇၊ ၁၂၊ ၁၉၊ သကရစ် ၇၁၅။

၈၀။ စာရင်း ၈၄၅ / ၂-၄၊ သကရစ် ၇၇၄။

၈၁။ စာရင်း ၆၉၇ / ၁၂၊ သကရစ် ၇၃၉။ စာရင်း ၇၃၀ / ၅၊ သကရစ် ၇၄၉။ စာရင်း ၈၄၅ / ၂၊ သကရစ် ၇၇၄။ ထူပါရုံကျောက် ၂၅ / ၁၁၊ သကရစ် ၇၉၄။ စကိုင်း ဒေသတာပန် လေးကျွန်းမန်အောင် သင်္ဃာရ ကျောက် ကျော / ၃၊ သကရစ် ၈၀၁။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

အမည်တင် ဟိတသော သဒ္ဓါပြည်ညာ လုံမ်လအာနှင်လည် ပ္လည် စုံမ်ဗ္ဗာထသော
ပိဋကတ် ၉ ပုံ၏ ဒါယကာလည် ဖ္လစ်ထသော ထိဖ္လုလည် ဆောင်ထသော[၉၂]

ဟု ရေးသားထားသည်ကို တွေ့ရ၏။ ဤသင်္ဃရာဇာပင် အနှစ် ၃၀ တော်ဖြစ်နေသော မြေကို မြောင်းကြီး သွယ်၍ မြန်လည် စိုက်ပျိုးနိုင်အောင် ပြုသဖြင့် သာသနာမြေတွင် ပယ် ပေါင်း ၂၉၅၁ တိုးခဲ့ကြောင်းကို အထက်က ပြောဆိုခဲ့ပြီး ဖြစ်သည်။ မျှားစွာလည်း တံခိုးကြီးသူ ဖြစ်၍ ရင်းရေးထိုးသော စကိုင်း မြပုသိုးကျောက်စာ၌ ရင်းသည် ကျောင်းကြီး ၇ ဆောင် ကု ၅လုံး စေတီ ၄ သုံး ပိဋကတ် ၉ ပုံ၏ တာယကာ ဖြစ်သည်ဟု ရေးခဲ့သည်[၉၃]။ ပိတူသင်္ဃရာဇာ လွန်ပြီး နောက် အေဒီ ၁၄၅၀ လွန်လျှင် မည်သည့် သင်္ဃရာဇာ ခေါင်းဆောင်ဖြစ်မည်ကို ခွဲခြား၍ မပြော နိုင်ချေ။ သို့သော် သင်္ဃရာဇာ အများ ရှိသည်။ ထူးသည်ကား ကျောက်စာ တခု၌ ရွှေလှောင် သင်္ဃရာဇာ အိမ်တောင်ရိုဝ်[၉၄] ဟု တွေ့ရပါသည်။ ဘိက္ခုနီ သင်္ဃရာဇာ ဖြစ်အံ့လောဟု တွေး တောဖွယ် ရှိပါသည်။

အခြား သင်္ဃရာဇာတို့တွင် စံကာသင်္ဃရာဇာသည် အတုမဟိသော ဟူသော ဝိသေသဖြင့် ကျောက်ရေး ဆရာတို့ ရေးသားခဲ့ခြင်း ခံရသူပင် ဖြစ်ပါသည်[၉၅]။ ဤသင်္ဃရာဇာပင်လျှင် စကာ ခုနစ်ကျောင်းနှင့် ဆက်စပ်သော သင်္ဃရာဇာ ဖြစ်မည်[၉၆]။ အဘယ်ကြောင့် ဆိုသော် ကျောက်စာ တခု၌ စံကာသင်္ဃရာဇာ ဝေလုဝန် မဟာထေည်[၉၇] ဟု တွေ့ရသောကြောင့် ဖြစ်ပါသည်။ အခြား သင်္ဃရာဇာများကား အရှေ့သင်္ဃရာဇာ[၉၈] အနောက် သင်္ဃရာဇာ[၉၉] အဖိုဝ် သင်္ဃရာဇာ[၁၀၀] တန်ထာဉီသင်္ဃရာဇာ[၁၀၁] တောင် သင်္ဃရာဇာ[၁၀၂] ထူပါရုံမ်သင်္ဃရာဇာ[၁၀၃] ပင်ယပြည်သင်္ဃရာဇာ[၁၀၄] ရန်အောင် မ္လင် သင်္ဃရာဇာနှင့်[၁၀၅] သိန်ခိုဝ်သင်္ဃရာဇာ[၁၀၆] တို့ဖြစ်ပါသည်။ ဤသင်္ဃရာဇာတို့သည် အေဒီ ၁၅၀၀ ကျော်လျှင် တံခိုး မှေးမှိန်၍ လာကြဟန် တူ၏။ ဥပမာ တံပက်ဆွဲ ကျောင်းကို သျှမ်းခေတ်က ငါပင် ကြည့်ရှုထားရသည်၊ ယခု ကျောင်းနေ ရဟန်း ဝရဂုဏာကိတ္တိ ရှိလျက် ငါသိမ်ပြုမည်၊ ဖယ်ရှား၍ ပေးစေဟု တန်ထားဉီး သင်္ဃရာဇာက ဆိုလျှင် အငြင်းဖြစ်ကြ၍ နောက်ဆုံး၌ ဝိနည်းတော် အရ တန်ထားဉီး သင်္ဃရာဇာ ရှုံးလျှင်

၉၂။ စာရင်း ၈၃၀ / ၁၁၊ သက္ကရာဇ် ၇၉၀။
၉၃။ စာရင်း ၉၃၉ / ၄၊ သက္ကရာဇ် ၈၀၇။
၉၄။ စာရင်း ၈၃၄ / ၂၊ သက္ကရာဇ် ၇၇၀။
၉၅။ ပင်းယရွှေစည်းခုံ ကူသုံးလုံး ကျောက် / ၃၊ သက္ကရာဇ် ၇၃၉။
၉၆။ စာရင်း ၉၄၄ / ၁၂၊ သက္ကရာဇ် ၈၀၈။
၉၇။ စာရင်း ၇၉၆ / ၉၊ သက္ကရာဇ် ၇၆၁။ မဟာဓမ္မသင်္ကြံ၊ သာသနာလင်္ကာရစာတမ်း၊ ၁၈၃၁၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆၊ စာမျက်နှာ ၁၂၆။
၉၈။ ဆင်ကူတ် ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သက္ကရာဇ် ၇၉၁။ ထူပါရုံကျောက် ၂၅/၂၊ သက္ကရာဇ် ၇၉၄။
၉၉။ ဆင်ကူတ် ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သက္ကရာဇ် ၇၉၁။
၁၀၀။ စာရင်း ၉၂၂ခ/၂၀၊ သက္ကရာဇ် ၈၀၁။ စာရင်း ၉၂၅က/၁၀၊ သက္ကရာဇ် ၈၀၂။
၁၀၁။ စာရင်း ၁၀၇၃ခ/၁၁၊ သက္ကရာဇ် ၉၂၀။
၁၀၂။ စာရင်း ၇၂၉/၃၉၊ သက္ကရာဇ် ၇၉၁။
၁၀၃။ စာရင်း ၁၂၉၃ခ/၂၄၊ သက္ကရာဇ် ၈၇၆။
၁၀၄။ ဆင်ကူတ်ရွှေကူကြီးကျောက် မျက်နှာ/၁၁၊ သက္ကရာဇ် ၇၉၁။ စာရင်း ၉၄၉ခ/၁၄၊ သက္ကရာဇ် ၈၁၀။ စာရင်း ၁၀၅၃/၂၊ သက္ကရာဇ် ၈၇၃။
၁၀၅။ ဆင်ကူတ်ရွှေကူကြီး ကျောက် မျက်နှာ/ ၁၁၊ သက္ကရာဇ် ၇၉၁။
၁၀၆။ စာရင်း ၁၀၄၀/ ၄၊ ၅၊ သက္ကရာဇ် ၈၇၀။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

> **အသက် ခြောက်ဆယ် ခြောက်နှစ် ဟိသောတန်ထာဉိ သယ်ရာဇာ ဖုန်ကြီစွာကိုဝ်၊ အသက် ငါဆဲကိုဝ်နှစ်ဟိသော တံပက်ဆွဲ ဆင်ဖြူသျှင် ဩီ၁၀ရ ဂုဏ ကိတ္တိခေည် ဝိ နည်တော် လာသို့ အတိုင် နိုင်လေ၍**

ဟု အေဒီ ၁၅၅၈ ခုနှစ်ထိုး တံပက်ဆွဲ အတွင်း ကျောင်းကျောက်[၁၀၇] တွင် ဖတ်ရပါသည်။

နောက်ဆုံး အနေဖြင့် ဤမျှ ရှည်ကြာသော ကာလ အတွင်း တံခိုးကြီးခဲ့သော တော ကျောင်းဂိုဏ်းကို တည်ထောင်ခဲ့သူ **သျှင်မဟာကဿပ** အကြောင်းကို လေ့လာရန် လိုပါမည်။ **မဟာကဿပနှင့်** ခေတ်ပြိုင် မဟာတ်သော်လည်း ၎င်း၏ ဇာတိ အရပ်၌ အေဒီ ၁၃၈၈ တွင် ရေး ထိုးသော ကျောက်စာ[၁၀၈] တွင် ဇာတာခွင်နှင့်တကွ **ငပေါင်လောင်သင်** အမည် ရှိသော **သျှင် မဟာကဿပ**သည် အေဒီ ၁၁၆၉ တွင် မွေးသည်ဟု သိရ၍ အခြား ကျောက်စာတခု အဆိုအရ စကိုင်း ခရိုင် မြောင်နယ် ယခု ပရိမ္မခေါ်သော **ပရိမ်** လျှင် ဖွားရာ ဇာတိ ရှိသည်[၁၀၉] ဟု သိရပါ သည်။ပညာ အရည်အချင်း အားဖြင့် **ငပေါင် အ်လောင်အ်သင် မဟာကဿပကား ပိတကတ်ကိုဝ် အ္ဝလွန်တဘ်ရှယ်**[၁၁၀] ဟု အခြား ကျောက်တခု၌ ဘတ်ရပြန်သည်။ ဂုဏ်သိက္ခာအားဖြင့်

> **ဖုရာ မ္လတ်စွာတော်တမူ၏၊ တပေအ်သာ မဟာကဿပနှင်၊ တူလကျည်သောဝ် မဟာ ကဿပ င ပေါင်လောင်သင်**[၁၁၁]။

ဟု တွေ့သည်။ ဤပုဂ္ဂိုလ်သည်ပင်လျှင် မိမိ မွေးဖွားပြီးသည် သကရစ် ၅၃၁ (အေဒီ ၁၁၆၉) မှ လွန်၍ နှစ် နှစ်ရာကျော်လျှင် တအံ့တသြပြောစရာ ပုဂ္ဂိုလ်ထူး ဖြစ်၍ လာပါသည်။ အေဒီ ၁၃၈၈ ခုနှစ်၌ ရေးထိုးသော ကျောက်စာတွင်

> ပုရှာ မ္လတ်လှ ကောတမ၏ ခြေတ် ရင်္ဂနိုက် ရိုဝ် သေဏ္ဍိ[ ဍိ]န် ဗျာတိတ်ခံ ဖြ ပုရှာ လောင်တကိပ် ဖြ တွင်အကြွံမ်ဝင် ဖြ င ပေါင်လောင်သင် မဟာကဿပကာ ပလ လည်မည် ဖြ ဆင်မင် အ ဖ္လစ် ဖ္လစ်ဖူခဲရှယ်။...။ အရှင်တ် ပုရှာသိင်္ခကိုဝ် ဖူမြင်ရမြိက် ကြောင်ဟိတ်င်အကွ ရဟန်အ ဖ္လစ်ကောင် သ ကဍ္ဍာနှင့် ဍ္လည်ုံထ ဖြ မဟာ ကဿပ ကာ။...။ မ္လ ဿရဟန်အ ဖ္လစ်ရှေ့ချုလျက်တဘ်ကြိထွက်ရှယ်။ ဘုမ္မလဍ္ဍကြန်လျှင် သ င်္အ ဖြ င မ္လ အချက် ဇူအစ္စရှာရှယ်။သာသနာကောင်မူအရပ် ပ္လု၏။သဗ္ဗညုတည်ညန် ပုရှာဆု ဇူ လိုဝ်ချင်စွာရှယ်အရှင်တ်ရုပ်တုရှယ်ဆင်ပုအတိ ပ္လု၏။မွေသမိဖွာ အယူမှာ ရှယ် အဟိတရိဆန်နွာမအ ဖ္လစ် ၂ ပါလှာ ဖြ ကြောက်ရစ်ရှာနိုက်အာ။အရည်ဝါသိတ် ကျောင်သံမိုတ်ပုရှာတည် ဖြ။...။ သက္ကရိစ် ၅၇၇ ခု။...။ ဤနိုက် အာလျှင် စည်သူ မင်ကြိ မင်ကြိအာဘိ လူညွန်ဆဲရှယ် ၃ ကြိန်စင်လျှင် ပင်္အလတ် ရကာလိုက်ပလေ၏။ မဟာကဿပ ပုကံပြည်ရောက္ကလျှင် စည်သူမင်ကြိကာဘိသူဘေမှခံ့ချဍ္ဍရှာရှယ်။ထိဖ္လု ကနက္ကတန်င်အကွမင်မ္လေ ာက်တန်ဆာ ၅ ပါ။ မဟာကဿ ဇူ ပုဝ်ဘိ၏။ ဘုန် မ္လတ် ကြိစွာ မဟာကဿပ ၎။ င မ္လ အလှုဆွံခံ၏[၁၁၂]။

---

[၁၀၇]။ စာရင်း ၁၀၇၃ ခ/ ၃၀-၂၊ သကရစ် ၉၂၀။
[၁၀၈]။ စကိုင်းခရိုင်မြောင်နယ် ကျောက်ရစ်ရှာ ရွှေပေါင်လောင်ဘုရား ၄ မျက်နှာ ကျောက် အရှေ့မျက်နှာ/ ၉၊ သကရစ် ၇၅၀။
[၁၀၉]။ ဓါတ်ပုံ ၄၇၄/ ၇၊ သကရစ် ၇၀၆။
[၁၁၀]။ အနိမ့်တောကျောင်း ရွှေကူ ကျောက် ၂/ ၃၊ သကရစ် ၇၄၈။
[၁၁၁]။ အနိမ့်တောကျောင်း ရွှေကူ ကျောက် ၅/ ၂၊ သကရစ် ၇၄၀။
[၁၁၂]။ ကျောက်ရစ် ရွှေပေါင်လောင်အရှေ့မျက်နှာ/ ၃- ၁၇၊ သကရစ် ၇၅၀။


Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

ဤကျောက်စာအတိုင်း ယူရသော် **ပေါင် လောင်သင် မဟာ ကဿပ**သည် အေဒီ ၁၁၆၉ ၌ (ပရိမ်တွင်) မွေးဖွားသည်။ ဘုရားလောင်း တကျိပ် အဝင်အပါ ဖြစ်ကြောင်း ဆင်မင်း ဘဝနှင့် ဝေါတမမြတ်စွာဘုရားထံမှ ဗျာဒိတ်ရခဲ့သည်။ တောထွက်၍ ကျောက်ရစ်၌ တောကျောင်းတည်၍ နေသည်ကို အေဒီ ၁၂၁၅တွင် ပုဂံမင်းက မိမိခံစားနေရသောဝေဒနာကို လာရောက်ကုစားပေးရန် အတန်တန် ပင့်သဖြင့် သွားရောက်ကုစားလျှင် မင်း ချမ်းသာရရလျက် **မဟာကဿပ**ကို ကြီးစွာ ပူဇော်သည်။ ထီးဖြူ နှင်းအပ်သည်။ ဤ ကစ၍ တောကျောင်းဂိုဏ်း **သင်္ဃရာဇာ**တို့ ထီးဖြူရဟန် တူသည်။

အထက်ပါဇာတ်သမ်းကို ခေတ်ပြိုင်ကျောက်စာတို့နှင့် စစ်ဆေးလျှင် **ပေါင် လောင်သင် မဟာ ကဿပ** သည် ပုဂံမင်းထံသို့ အသက် ၄၆ နှစ်ကစ၍ ရောက်ခါ မင်း အပူဇော် ခံရသည် ဟူသော အချက်နှင့်တကွ အားလုံး ယုတ္တိ တန်မည် ထင်သည်။ ခေတ်ပြိုင် ကျောက်စာများ၌ **မဟာကဿပ**၏အမည်ကို **နာတောင်မျာ** နှင့် **ညီမ မင်လှ**တို့၏ အေဒီ ၁၂၂၅ ခု အလှူဝယ် ပထမ ဆုံးဘာတ်ရသည် [၁၁၃]။ **မဟာကဿပ**ကား ကျောက်ရစ်၊ ပရိမ်၊ အမြင့်၊ အနိမ့်စသည် အရပ်မျိုး၌ **တောကျောင်း**တည်ပြီးမှ ပုဂံအနီးအပါးသို့ရွှေ့၍တောကျောင်းများတည်ပြန်သည်။မင်းနန်သူ၌ တောကျောင်း တကျောင်းကို အေဒီ ၁၂၃၃ တွင်ရင်း၊ ဖွားစော၌ နောက် တကျောင်းကို အေဒီ ၁၂၃၆ တွင်ရင်း တည်ခဲ့ကြောင်းကို ဖော်ပြပြီးဖြစ်ပါသည်။ နောက်ထပ် **မဟာ ကဿပ**၏ အမည်ကို မြို့တော်၌ ဘန်ခိုးကြီးရဟန်းတော်တို့ အမည် နှင့် တွဲဖက်၍ အရေးပါသော အမတ် **မဟာသမန်**၏အလှူ၌ အေဒီ ၁၂၃၇ တွင် ဖော်ပြထားပြန်သည် [၁၁၄]။ သူနှင့်တွဲဖက်ဖော်ပြသော ရဟန်းများကား **ဓမ္မသိရိ**နှင့် **သုဘူတိစန္ဒ** တို့ဖြစ်၍ သီဟိုဠ်သို့ ပညာရေး မိတ်ဆက်အဖွဲ့အနေဖြင့် ၁၂၃၇ ခုနှင့် ၁၂၄၈ အတွင်းဝယ် **မဟာကဿပ** ဂိုဏ်းကိုတိုက်ခိုက်ရန် စစ်ကူသွား၍ တောင်းသူများ ဖြစ်ဟန်တူပါသည် [၁၁၅]။ မင်း အသိအမှတ်ပြုခြင်းကို ခံယူလိုသည့် **မဟာကဿပ**သည် ထိုစဉ် က အုပ်စိုးနေသော **ကလစွာ** ကိုယ်တော်တိုင် မြေလှူသည်ကို မရလင့်ကစား မိမိဂိုဏ်းမှ ရထားသည့် မြေကို မင်း အလှူဖြစ်အောင် ကြံဖန်၍ မင်းကို ရေစက် ချခိုင်းခဲ့သည်။ အဖြစ်အပျက်ကား ဤသို့တည်း။ အေဒီ ၁၂၄၂ ခုတွင် ရတနာ ပယျသူ၏သား လေးသောင်းသူကြီး ဖြစ်သော **ငါ့ဍီသင်** က လယ်အပယ် ၄၀၅ ၁/၆ ကို **ကြံတူ မ္လတ်ကြီ** အား လှူတမ်းခဲ့၏။ **ကြံတူ မ္လတ်ကြီ** က မိမိ၏ဂိုဏ်းခေါင်းဆောင်**မဟာကဿပ**ကို အကြောင်းကြားလျှင် **မဟာကဿပ**က **ကလစွာ** မင်းကြီး နှင့် **စဝ်ထုယ်** တို့ထံဝင်၍ အထက်ပါ မြေကို မင်းအနေဖြင့်လည်း ရေစက်ချ၍လှူရန် တိုက်တွန်းပြန် သည်။ မင်းကြီး လိုက်လျောလျှင် **မဟာကဿပ**သည် **ဤကာမင်ပိယ် မင်လှူတေ**။ဟု မှတ်တမ်း တင်ခဲ့သည် [၁၁၆]။ **မဟာကဿပ**သည် ပုဂံတွင် မင်းပရိသတ်၏လေးစားမှုကို ရပြီးမှ အေဒီ ၁၂၄၂ လောက်တွင် အရှေ့ ဖက်သို့ တိုး၍ ဆဲ့တရွာ အရပ် ကျောက်ဆည်နယ်တွင် တောကျောင်း

---

၁၁၃။ ဓါတ်ပုံ ၁၂၀/ ၅၊ ၆၊ ၇၊ ၁၂၊ သကရစ် ၅၇၇။

၁၁၄။ ဓါတ်ပုံ ၁၀၂/ ဂ၊ သကရစ် ၅၉၆။

၁၁၅။ ဓါတ်ပုံ ၃၀၂။

၁၁၆။ ဓါတ်ပုံ ၂၉၇/ ဂ၊ သကရစ် ၆၆၂။ ဤမှတ်တမ်းတွင် မင်ကြီးနှင့် **စဝ်ထုယ်**လေ **မဟာဗောဓိ**တွင် **စရိယ်ပိယ်သောလျှင်** **မ္လတ်ကြီလက်ရိယ်စင်တဝ် ခွဲ ချယ်အှ်လှူသတေ။ဤကာမင်ပေမင်လှူတေ**။ဟု ရေးသည်။ **မဟာဗောဓိ** အမည်ပါနေသဖြင့် ၊ **မဟာကဿပ**၊**ကလစွာ**၊နှင့် **စဝ်ထုယ်** ကို **မဟာဗောဓိ**နှင့် အကြောင်း မည်သို့ ဆက်သွယ်မည်နည်းဟု စဉ်းစားသင့်ပါသည်။ ဖြစ်နိုင်သည်ကား **မဟာကဿပ** မင်းထံ ဝင်သော အခါကား မင်းကြီးနှင့်မိဖုရားတို့ **မဟာဗောဓိ**ဟု မည့်ထားသော မြို့တော်အနီးအပါးတွင် ရှိသည့် ယာယီနန်းတွင် ခေတ္တ စံနေခိုက် ဖြစ်မည်ဟု ယူဆမိပါသည်။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.

များတည်ပါသည် [၁၁၇]။ စင်စစ်အားဖြင့် မိမိ၏ ရန်သူ ခေါင်းဆောင်များ သီဟိုဠ်သို့ ခရီးလွန် ခိုက် စီးပွါးရေး တောင့်တင်းသော နယ်က မိမိအား ထောက်ခံရန် ကြိုတင် စီမံထားခြင်း ဖြစ်ဟန် တူပါသည်။မြို့တော်၌လည်း ဘုရင့်ညီ **ကက်သူ** ကဲ့သို့သော တန်ခိုးကြီးသူများ၏ ကြည်ညိုလေးစား ခြင်းကို ခံယူရလျက်ရှိပါသည်။ **ကက်သူ** သေလျှင် ကျန်ရစ်သူ မယားက မင်းနန်းသူတော့ကျောင်း တွင် သေသူကို ရည်စူး၍ အဆောက်အအုံများ ထပ်၍ ဆောက်ပါသည် [၁၁၈]။ **ပိုလ်သုကြိုသတ် တျာ**၏ အေဒီ ၁၂၄၄ ခုနှစ် ကျောက်တွင် **မဟာကဿပ** ကျောင်းသည် **အရှိယ်ပြည်တခါ** [၁၁၉] ၌ ဟု ဖော်ပြသဖြင့် တောကျောင်းဟု ဆိုရသော်လည်း မြို့တော်၏ အရှေ့ဖက်တံခါးနှင့် အလွန်နီးကပ်လျက်ရှိသည့်ဟု သိရပါသည်။ ဤ ကျောင်းတိုက် အတွင်း၌ **မဟာကဿပ** သည် မင်းသမီး **မင်းလှ** ဆောက်ပေးသော ကျောင်းတွင် နေစမှတ်ပြုသည် [၁၂၀]။ ဤကျောင်း၌ နေစဉ် အေဒီ ၁၂၄၄ တွင် **မဟာကဿပ** သည် ( **?** ကျောက်ဆည် ခရိုင် အနောက်မြောက်ရှိ) **ဆိပ် တောင်မှခကြဝ်ကင်းသည်**ဘို့နှင့် မြေမှု စကားများရသည် [၁၂၁]။ စကားများရသည့် မြေကား စင်စစ် **မဟာကဿပ**၏အဘိုး **သကြံမှုသူ** ပိုင်ဖြစ်၍ မင်းထံမှဆုရသောမြေ ဖြစ်သည်ဟုသိရသည်။ ဤအတိုင်းဆိုလျှင် **ငပေါင်လောင် သင်**၏ အဘိုးသည် မင်းမှုထမ်း **တဦး**ဖြစ်သည်ဟု သိရပြန်သည်။ အေဒီ ၁၂၄၈ မှ စ၍ **မဟာကဿပ**သည် ရှေ့ဘို ချင်းတွင်းနယ်များမှ မြေပယ်ပေါင်းများစွာကို စတင် ဝယ်ယူကြောင်း တွေ့ရသည်။ အလှူခံသဖြင့်လည်း မြေများစွာ ရပါ သေးသည် [၁၂၂]။ **မဟာကဿပ**သည် အေဒီ ၁၂၇၂ နှင့်အေဒီ ၁၂၇၈ အကြား၌ ပျံလွန်ဟန်ရှိသည်။အဘယ့်ကြောင့် ဆိုသော် ၁၂၇၂ ခု လွန်လျှင် ရေးထိုးသမျှ ကျောက်စာ၌ **မဟာကဿပ** နေရာ ကျောင်းဟူ၍သာ ဖော်ပြလေ့ရှိ၍ [၁၂၃] ၁၂၇၈ တွင် **မဟာကဿပ** ကျောင်း၌ အမည် မဖော်သော်လည်း ထေရ အသစ်ရှိနေပြီဟု သိရပါသည် [၁၂၄]။ ဤအတိုင်းဆိုလျှင် **အရညဝါသီ** တောကျောင်းဂိုဏ်း သို့မဟုတ် အရည်းဂိုဏ်းကို တည်ထောင်သူ **မဟာကဿပ** အမည်ရှိ **ငပေါင်လောင်သင်**သည် အသက် ၁၀၃ သို့မဟုတ် **၁၀၉** အထိ နေပြီးမှ ပျံလွန်သည်ဟု ယူဆရပါမည်။ ယင်းဆရာတော် တည်ထောင်သောဂိုဏ်းလည်းအေဒီ ၁၅၀၀ ကျော်သည့် တိုင်အောင် ဆက်လက်၍ ကြီးပွါးထွန်း ကားသည်ဟု ရဝန့်စွာမှတ်ယူနိုင်ပါသည်။

**မဟာကဿပ**သည် ယောနယ်သို့ သာသနာပြုကြွစဉ် ပုံတောင် ပုံညာနှင့် မဟူတောင် တို့ဆုံရာ မုံရွာမှ အရှေ့မြောက် မိုင် ခြောက်ဆယ်ခန့် အကွာ တွင် ပျံလွန်သဖြင့် ထိုနေရာ၌ပင် အလောင်းတော်ကို မြှုပ်ရသည်ဟု ယုံကြည်ကြသဖြင့် ထိုနေရာသို့ ယနေ့တိုင် ဘုရားဖူးအများ သွားလာကြသည် [၁၂၅]။

---

၁၁၇။ ခါတ်ပုံ ၁၄၀ က/ ၂၊ သကရစ် ၆၀၄။
၁၁၈။ ခါတ်ပုံ ၁၄၃ က/ ၆-၇၊။ ခါတ်ပုံ ၁၄၅/ ၁၀။ ခါတ်ပုံ ၁၄၇ က/ ၇၊ သကရစ် ၆၀၄။
၁၁၉။ ခါတ်ပုံ ၁၅၃ က/ ၂-၃-၊ သကရစ် ၆၀၆။
၁၂၀။ ခါတ်ပုံ ၁၆၂/ ၂၊သကရစ် ၆၉၄။
၁၂၁။ ခါတ်ပုံ ၁၆၅/ ၅-၁၀၊ သကရစ် ၆၁၀။
၁၂၂။ ခါတ်ပုံ ၁၆၃၊ ခါတ်ပုံ ၄၂၄။
၁၂၃။ ခါတ်ပုံ ၂၀၃/ ၂၊ ခါတ်ပုံ ၂၂၄/ ၁၂၊ ခါတ်ပုံ ၂၇၇/ ၂။
၁၂၄။ ခါတ်ပုံ ၂၇၇/ ၂။
၁၂၅။ ဦးဖိုးကျား၊**အလောင်းတော် ကဿပ**၊ ကိုယ်တွေ့ဝတ္ထုအမှတ် ၆၊ မြန်မာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊ရန်ကုန်၊ ၁၉၃၈၊ စာမျက်နှာ ၁၃၀။



Copyright© 1998 - Myanmar Book Centre & Book Promotion & Service Ltd, Bangkok, Thailand.